http://www.dhammadownload.com

သမ္ဘတ

ဆယ်စောင်တွဲ

ကျောက်ရိုးပေါ်ရေးထိုးထားသော
ပုံနှိပ်ခြင်း

သမ္ဘတ

ဆယ်စောင်တွဲ

ပါဠိ
စာအုပ်ဆိုင်

http://www.dhammadownload.com

လူငယ်အများ မှတ်သားစရာ
ရှင်ဒေဝဒတ် စာတသတ်ပမာ
ပေါင်းမများနဲ့ ကျောင်းသားသူငါ
ပုံစံပြ " သမ္မတ " ဆယ်ဆောင်မှာ။

အမ်ပွါယ်ကို ဆရာများက ရှင်းရှင်းပြောပြပါ။
ရိုစစ္ခြီ မူပိုင်ပြုလုပ်ပြီး
ထုတ်ဝေသူ-ဦးသိန်းထူး(မြို-ဝ၁၆၉၁)သမ္မတစာပေတိုက်
အမှတ်(၃၁) ၂၄လမ်း၊ မန္တလေးမြို့။
တာဝန်ခံပုံနှိပ်သူ-ဦးသိန်းထူး(မြို-ဝ၂၁၁၈)သမ္မတပုံနှိပ်တိုက်
၂၃-လမ်း၊ အောရိုင့်ရပ်၊ မန္တလေးမြို့။

မာတိကာ

၁။ ဇာတ်တော်ကြီးဆယ်ဘွဲ့ ပုံတော်များ
၂။ အစီရင်ခံချက်
၃။ ပဌဝုဏ်အဟံဝန္ဒာမိ
၄။ အပြင်အောင်ခြင်းရှစ်လုံးတွဲ့ ကဗျာ
၅။ အောင်ခြင်းရှစ်ပါး ပုံတော်များ
၆။ အတွင်းအောင်ခြင်း ရှစ်လုံးတွဲ့ ကဗျာ
၇။ ပဌမ သံဂါယနာဝင် မင်းတရားကြီး
၈။ ကကြီးခန္ဓေး ကာတွင်းရုပ်ပုံ
၉။ မဂ်လသုတ်ပါဠိအနက်
၁၀။ မဂ်လာတရားကောက်နုတ်ချက်
၁၁။ မဂ်လာခွအမေးအဖြေ
၁၂။ မဂ်လာသုတ် အဓိပ္ပါယ် အထူးမှတ်ချက်
၁၃။ မဂ်လာတရား-၃၈ပါးသံပေါက်
၁၄။ အတွင်းအောင်ခြင်းပါဠိအနက်
၁၅။ အတွင်းအောင်ခြင်းပါဠိအနက်
၁၆။ ရတနာရှေ့ချိုင့်ပါဠိအနက်
၁၇။ နမက္ကာရပါဠိအနက်
၁၈။ လောကနီတိ ပါဠိအနက်
၁၉။ ပရိတ်ကြီး ပါဠိအနက်
၂၀။ စကားကြီးဆယ်ခွန်းအလင်္ကာ
၂၁။ ရှင်မဟာရဋ္ဌသာရဆုံးမစာ
၂၂။ ရှင်မဟာသီလဝံသ
၂၃။ ဘုံးသူတော်ဦးနု စကားပုံ
၂၄။ သိဂ်ါလောဝါဒ ကျင့်ဝတ် လတ်ကာ
၂၅။ သိဂ်ါလောဝါဒလူ့ကျင့်ဝတ် ကဗျာ
၂၆။ မဂ်လာကဗျာ
၂၇။ အရက်သမားဝါဒကဗျာ
၂၈။ ဂဏန်းသချာသံပေါက်
၂၉။ ကာလအလိုက် စရိုက်ညီအောင်
၃၀။ အိမ်ဆုံးမစာ ရှစ်လုံးတွဲ့ ကဗျာ
၃၁။ ကျောင်းလိုက်မယ်ကဗျာများ
၃၂။ ကဲ့ပါးပါးရောင်ကြည်ရန် မြန်မာကဗျာလင်္ကာ
၃၃။ ပညာသင်ရေးသတိပေးကဗျာ
၃၄။ ကောသလမင်းကြီး အိမ်မက် (၁၆)ချက်ကဗျာများ

ဘာသာရေးဆိုင်ရာ စာပေနှင့်ပြုမျက်အမှတ်- ၂၃၇-(၉၁)၃၊
မျက်နှာဖုံးနှင့်ပြုမျက် အမှတ်-၄ ၂၃(စ၉) ဂ၊
အကြိမ်(၃ ၂)ကြိမ်မြောက်၊ စာအုပ်ရေ၊ ၂၀၀၀။

http://www.dhammadownload.com

၁၂၂၁-ခုနှစ်က၊ မန္တလေးမြို့၌ နန်းတည်ခဲ့၍၊ ၁၃၂၁– ခုနှစ်တွင်
နှစ်တရုပြည့်သောကြောင့်နိုင်ငံတော်အစိုးရက(မန်းရုပြည့်)ပွဲတော်ကြီးကို
စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

http://www.dhammadownload.com

သမ္ဘတ

မန္တလေးမြို့
ဆလိုရတ်နာ ရာမ မြတောင်တိုက်
သမ္ဘတ စာပေကျောင်းဆရာလော်
"အရှင်ကေလာသာဘိဝံသ"
သက္ကသီဟ နှင့် အနိုးရခမ္ဘာစရိယ
ပြင်ဆင်ရိုက်နှိပ်သည်။

ဂုဏ်ရှိ

ဆယ်စောင်တ

စီစဉ်သူ ဦးသိန်းမောင်

ပါဠိစာရေးကိရိယာ
အမှတ်(၁၄) ၊ H မြလေးရ
စားချိုး ၊ မန္တလေးမြို့ မှ ပြန့်ပျံသည်။

သမ္ဘတစာပုံနှိပ်တိုက်
၂၄ လမ်း မန္တလေး

http://www.dhammadownload.com

သမ္မတ ဆယ်စောင်တွဲ

သမ္မတ,ပါဠိဆရာအဖွဲ့,မှပြင်ဆင်၍

ဦးသိန်းမောင်

အထူးစီစဉ် ရိုက်နှိပ် ထုတ်ဝေသည်

ကာတမ်းနီပ်ဂျီတာ

၂၄-လမ်း မန္တလေး

http://www.dhammadownload.com

ပဋ္ဌဝုဏ်-အဟ် ဝန္ဒာမိ

ဗုဒ္ဓစိန္တေ မြတ်တုရား ကို-ဦးညွတ်တွား လို့ပူတော်ကွယ်
တရားဓမ္မေ ဝုဏ်တော်များ ဘာဝနာပွား လို့ ခွတ်သားတွယ်
သံဃဝုဏော ဝုဏ်ကိုးဝ-ပူဇရဟ ပူတော်မယ်

မိခင် ဖခင်-ရှေးဦး ထား လို့

ကျေးဇူးများ တဲ့ ဆရာရယ်-ဇူးကွယ် ဇူးကွယ်-

http://www.dhammadownload.com

၆။ ပရိတ်ကြီး ၄င်းကို

ပရိတ္တ နိသိန ပရိတ်နိဒါန်း

မင်္ဂလသုတ္တာဒိ မင်္ဂလသုတ်စသော ခေါင်းစဉ်များ

ဤသို့လျှင် " ဆိုလိုချက်ကို " လွယ်ကူစွာ သိစေရန် တင်ပြ ထားခြင်း

၇။ အနက် - နိသျှာဘာသာပြန်၌၊ ပါဠိနောင်ဒက်ရှိ(-) မြန်မာနောင် တပိုဒ်ပုဒ် (၊) ထားရှိ၍ ၊ စကားတရပ်အဆုံး၌ နှစ်ပိုဒ်ပုဒ် (။) ထားရှိခြင်း ။

၈။ အခြားကဏ္ဍတို့နှင့် ရောယှက်မှု မရှိရန် သက်ဆိုင်ရာ ကဏ္ဍ၌သာ နံပတ်စဉ်ကို,ဖော်ပြထားခြင်း ။

၈။ စကားတခွန်းတပုဒ်လျှင် တချက် ချထားခြင်း ။

ဤကဲ့သို့ ရှေးဟောင်းစာမူအရသာကို မဆေခိုက် စေတဲ၊ စာပေ အရသာကို ပေါ်လွင်သည်ထက် ပေါ်လွင်အောင် ခေတ်မီစွာ တန်ဆာဆင် ပြပေးကြသော၊ ပါဠိမြန်မာပညာရှိ - ဦးကျော်လိုင်(အစိုးရ, ဓမ္မာစရိယ် ပဌမကျော်)နှင့် ၊ အယ်ဒီတာ ဆရာကြီး-ဦးချစ်ထွန်း တို့အားလုံး ၊ စာမူချီးမြှင့် ပေးပို့ကြသော မင်းကွန်းအာဒိဝင်ုံသကာထေရ်၊

ကန်သစ်ရွာ - နတ်တွင်းကျောင်း - အရှင်ပညာဒီပ ၊

ဟသံတာ - ဒုတ်ရိုက်ကျောင်းဆရာတော် ဦးရွှေကာဝိဒ ၊

ရွှေကူကျောင်း ဆရာတော် - ဦးဝိသုဒ္ဓ ၊

ကန်ကျောင်းဆရာတော် - ဦးစိတ္တရ ၊

ပလွင်ရွာ - ကဲကျောင်း - ဦးပညာဝံသ ၊

ပြည်တော်သာ ရွာသစ် - စိတ္တသုခကျောင်း ဦးစိတ္တရ ၊

ဒဂုန် - ဦးထွန်းမြင့်တို့အားလုံး ၊ အိထူးကျေးဇူးတင်ရှိပါကြောင်း။

သိန်းမောင်

သမ္မတ , ပုံနှိပ်တိုက်

မန္တလေး

http://www.dhammadownload.com

အာစီရင်စံစျက်

ကျွန်တော်၏ " သမ္ဘတ, ဆယ်စောင်တွဲ " ကို တန်းဆာဆင်ပြင်ရိုက်ပ်ကားပုံ တင်ပြ အစီရင် ခံလို ပါသည်။

ကျွန်တော်၏ ဘေတနာမှာ စာကိုကြည့်ရှု, သင်ကြား, မိတ်ဆွေများအား, စာပေ၏ ဆိုလိုချက် အရသာ အဓိပ္ပါယ်ကို လွယ်ကူစွာ သိရှိနိုင်ကြရန် ခေါက်မှီ၍ ရှင်းလင်းပြတ်သားစွာဖြင့် တင်ပြ ပေးလိုခြင်း ဖြစ်ပါသည်။ ဆိုစေတနာ အားလျော်စွာ ဤစာအုပ်ကို ရိုက်နှိပ်ရာ၌ စီစဉ်ထားပုံမှာ

က။	မင်္ဂလသုတ်	၄င်းကို
	မင်္ဂလနိဒါန်	မင်္ဂလာနိဒါန်း
	ဒေဝတာ ယာစန	နတ်သားတောင်းပန်ချက်
	ဗုဒ္ဓ ဒေသိတ	ဘုရားတောပြပုံ
	အာနိသံသ	မင်္ဂလာပြုကျင့်ရကျိုး
ခ။	နမက္ကာရ	၄င်းကို
	ဗုဒ္ဓဝန္ဒနာ	ဘုရားရှိခိုးခန်း
	ဥယျောဇန	တိုက်တွန်းချက်
	ပတ္တနာ	ဆုတောင်း
ဂ။	လောကနိတိ	၄င်းကို
	လေခနာကာရ	ရေးသားစီစဉ်ပုံ
	အာနိသံသ	သင်ကြားလေ့လာထိုက်ပုံ
	ပဏ္ဍိတာဒိကဏ္ဍ	ပဏ္ဍိတာစသောအခန်း
	နိဂုမန	နိဂုံး

http://www.dhammadownload.com

အမြင်အောင်ခြင်း ရှစ်ပြား

ရှစ်လုံးဖွဲ့ မမွှ ကဗျာ

၁။ ဘောဓိညောင်နန်း အောင်ခန်းရိုပ်သာ ၊
တထောင်လက်ရုံး စက်ဘုန်းလျှံပြာ ။
မာရ်နတ်မင်းနှင့် သင်းပင်းတိုလ်ပါ ၊
တို့ဘုရား တရားတော်ဖြင့်သာ ၊
အခေါင်နှင်း အောင်ခြင်း လက်ဦးစွာ ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ ။
အာဠဝက ယက္ခယုတ်မာ ၊
ညည်းသုံးယဲလုံ၊ အုံးအုံးကြွက်ညာ ၊
လက်နက်မိုး၊ဖြင့် ထစ်ကြိုးတိုက်လာ ၊
ခန္ဓီထုံး ကျင့်သုံးတို့မြတ်စွာ ၊
အခေါင်နှင်း အောင်ခြင်း ဒုတိယာ ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ ။

၃။ နာဠာဂိရိ မည်ရှိထင်စွာ ၊
တောမီးမိုး၊ကြို၊ စက်မိုး၊ပမာ ၊
ကြမ်းဓက်ရန်ရင်း မှန်ဆင်း ဆင်သတ္တာ ၊
မေတ္တာမိုး ၊စွေပြီ၊ တို့မြတ်စွာ ၊
အခေါင်နှင်း အောင်ခြင်း တတိယာ ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ ။

၄။ လက်ညှိုးစုံပန်း ဆင်မြန်းလျက်သာ ၊
အဟီ သက ဓောရ လူစွာ ၊
သတ်မည်ကောဟ လျှင်ဆောလိုက်လာ ၊
တန်ခိုးစွမ်း ဖန်ဆန်း တို့မြတ်စွာ ၊
အခေါင်နှင်း အောင်ခြင်း စတုတ္ထာ ၊
ငါတို့လဲ ထိုနဲ့ အောင်စေပါ ။

http://www.dhammadownload.com

၅။ ကိုယ်ဝန်စွဲပိုက် ဝမ်းကိုက်ကျွမ်း ၊
သစ်သားကိုလုပ် ဖီယုတ် စီဌာ ၊
ပရိသတ်ထဲ ရွှပ်ခွဲလေရာ ၊
သာယာညွှန်း မိန့်လျှင်း တိုးမြတ်စွာ ၊
အခေါ်ခုင်း အောင်ခြင်း ပဌမာ ၊
ဝါတို့လဲ ထိုနဲ့ အောင်စေပါ ။

၆။ အမှန်ပယ်ရှား အမှားကိုသာ ၊
ဝါဒမှန်ကင်း ထောင်လျှပ်း စိုက်ကာ ၊
လူပရိမိုင် အမိုက် သစ္စကာ ၊
ပညာမီး ညှိသီး တိုးမြတ်စွာ ၊
အခေါ်ခုင်း အောင်ခြင်း ဆဋ္ဌမာ ၊
ဝါတို့လဲ ထိုနဲ့ အောင်စေပါ ။

၇။ မဟာနဂ္ဂေါ မာန်ပြောထူစွာ ၊
နဂါးရန်ကြီး ဖျက်စီးဖိမ့်ဂါ ၊
ဝဲရံထေရ်အား မပြားရိုန်ခါ ၊
လူထိပ်မိုး တန်မိုး ညွှန်ပြကာ ၊
အခေါ်ခုင်း အောင်ခြင်း သတ္တမာ ၊
ဝါတို့လဲ ထိုနဲ့ အောင်စေပါ ။

၈။ အယုမေါက်လွှဲ ဖြေခဲလက်မှာ
တန်းခိုးရိန်အား ကြီးမားထင်စွာ ၊
ဖြတ္တာဝက ဝာလ ယုတ်မာ ၊
ဥာဏ်တော်ဆေး တိုက်ကျွေး တိုးမြတ်စွာ ၊
အခေါ်ခုင်း အောင်ခြင်း အဋ္ဌမာ ၊
ဝါတို့လဲ ထိုနဲ့ အောင်စေပါ ။

မင်းကွန်း

အာဒိဝဏ္ဏသကာထေရ် သီကုံးရေးမှူ သည်

http://www.dhammadownload.com

အတွေးစကားပြန်းများ

ရှစ်လုံးဘွဲ့ ကဗျာ

အကျဉ်း

၁။ ဥဒ္ဒတွင်းမှ ဘုရား ... ကမ္ဘာ
ဘဏ္ဍာတဲလျှပ် ကိုးဝပ်ဝေ
ဒေသနာဥာဏ်ဆမင်း လျှံဝင်းထိန်လ
ကယ်တင်ပြား ဘုရားမြတ်စိန်ဆွေ။

၂။ မောဟလွှမ်းဖုံး ဥာဏ်ကိုးသူတွေ
အမိုက်တရား ယယ်ရှားကာလေ
မျက်စိကိုဖွင့် ဥာဏ်ပြင့်မြင်စေ
ကယ်တင်ပြား ဘုရားမြတ်စိန်ဆွေ။

၃။ ရာဂ,စလစ် ဆယ့်တစ်မီးတွေ
ကိုယ်အတွင်းမှ လောင်မြိုက်ဝေနေ
မဂ္ဂင်ရေချမ်း သွန်းဖျန်းပြီးစေ
ကယ်တင်ပြား ဘုရားမြတ်စိန်ဆွေ။

၄။ ပင်လယ်အလား မခြားတူမေ
သြဃမြစ်ကြော နစ်မျောသူတွေ
လေ့ယာဉ်ခမ္ဘာ ညွှန်ပြကာလေ
ကယ်ဝင်ပြား ဘုရားမြတ်စိန်ဆွေ။

http://www.dhammadownload.com

၅။ ဒုက္ခအပေါင်း ခဲ့ညောင်းလို့လေ ၊
နိုပ်စက်အမြဲ ဆင်းရဲသူတွေ ၊
သုံးပါးယာဉ်ထက် တင်လျက်သာဓမ ၊
ကယ်တင်ပြား ဘုရားမြတ်စိန္တေ ။

၆။ ကဋ္ဌ မုခ အစဖြာပေ ၊
မြေဆိုးလေးဝ ကိုက်ကြသူတွေ ၊
တရားမြိုက်ဆေး တိုက်ကျေးကာလေ ၊
ကယ်တင်ပြား ဘုရားမြတ်စိန္တေ ။

၇။ ကိလေစောရ ပေါလှသေလ ၊
ခရီးကြမ်းမှ လှမ်းကြသူတွေ ၊
နိဗ္ဗုတာနန်း မြတ်လမ်းညွှန်ချေ ၊
ကယ်တင်ပြား ဘုရားမြတ်စိန္တေ ။

၈။ ဝါလေးဆယ့်ဝါး မြတ်ဖျားတည်နေ ၊
ဗြဟ္မာလူနတ် ဆည်းကပ်ရှိသော ၊
တရားအမြိုက် ကိုယ်ခ္ခတည်စေ ၊
ဝိဇ္ဇာန်း စံမြန်းအတူဖေ ။

၉။ ကိုယ်တွင်းရန်များ ဖယ်ရှားတုံ့ချေ ၊
အောင်ခြင်းရွှမ်ဖိုး တန်ခိုးဝေဂေ ၊
စိန္တေမြတ်ရှား အလားတူပေ ၊
တပည့်ပေါင်း ဇေအောင်ကြောင်းဆုပန်ချေ ။

အရှင်ပညာဒီပ

နတ်တွင်းကျောက်ဂူ - ကန်သစ်ရွာ

မကွေးမြို့နယ်

http://www.dhammadownload.com

(၀) မာရ်နတ်ကို အောင်ခြင်း။
(၂) အာဠာဝကဘီလူးကို အောင်ခြင်း။
(၃) နာဠာဂိရိဆင်းကို အောင်ခြင်း
(၄) အင်္ဂုလိမာလကို အောင်ခြင်း
(၅) ဗိဿမာနကို အောင်ခြင်း
(၆) သစ္စကပရိဗိုဇ်ကို အောင်ခြင်း
(၇) နန္ဒောပနန္ဒ ကို အောင်ခြင်း
(၈) မဟာဗြဟ္မာ၊ မင်းကို အောင်ခြင်း

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

မင်္ဂလ နိဒါန်

ကဲ။ ယံ မင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိ သု သဒေဝကာ၊ ။
သောတ္ထာနံ နာဝိဂစ္ဆန္တိ၊ အဋ္ဌတိံ သဗ္ဗ မင်္ဂလံ၊ ။
ခဲ။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗဖါပဝိနာသနံ၊ ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ၊ ။
ဂဲ။ ဝေ ဝေ သုတ်၊ ကော်သမယ် ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ၊
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထခေါ
အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တ
ဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတ္မာ၊ ။
ဃ။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္မာ ဘဂဝန္တံ
အဘိဝါဒေတ္မာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဋ္ဌိတာ ခေါ
သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ၊ ။

ဒေဝတာ ယာစနာ

ငဲ။ ပဟူ ဒေဝ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

F1

http://www.dhammadownload.com

ဗုဒ္ဓဘေသိက

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ, ။
ပူဇာ စ ပူဇနေယ္မာနံ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၂။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ, ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနံယော စ သုသိက္ခိတော, ။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၄။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော, ။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ญาတကာနဉ္စ သင်္ဂဟော, ။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၆။ အာရတီ ဝိရတီ ပါပါ၊ မဒ္ဒ ပါနာ စ သံယမော, ။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတญ္ဍုတာ, ။
ကာလေန ဓမ္မသဝဏံ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ, ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၉။ တပေါ စ ब्रह्मစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ, ။
နိဗ္ဗာန သစ္ဆိကိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ, ။
၁၀။ ဗုဒ္ဓဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ, ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ, ။

http://www.dhammadownload.com

ကာ။ တောဒီသာနိ ကတ္ဘာန၊ သမ္ဘတ္တ မပ္ပရာဇိတာ,။
သမ္ဘတ္တ သောတ္ထိ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ-မုတ္တမံ။,

မင်္ဂလသုတ္ထံ–နိဋ္ဌိတံ။

မင်္ဂလာနိဒါန်း

က။ သဒေဝကာ–နတ်နှင့်တကွသောလူတို့သည်၊ ယံ မင်္ဂလံ–အကြောင်း မင်္ဂလာ တရားတော်ကို၊ ဒုဒါဒသဟိ– တဆယ့်နှစ်နှစ်တို့ကာလပတ်လုံး၊ စိန္တယိ ဆင်ခြင်သို့–ကြံကြကုန်၏။ သောတ္ထာနံ– စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော၊ အဌတိ သဏ္ဌာ– သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော၊ တံ မင်္ဂလံ– ထိုမင်္ဂလာတရားတော်ကို၊ နာဓိဂစ္ဆန္တိ နှ အဓိဂစ္ဆန္တိ ဝေ– မသိနိုင်ကုန်သည် သာလျှင်ဟုတည်း။

ခ။ ဒေဝ ဒေဝေန–နတ်တကာတို့ထက်မြတ်သော ဝိသုद्धိနတ်ဖြစ်တော်မူသော ဘုရားသခင်သည်၊ သမ္ဘလေဝကဟိတတ္ထာယ–အလုံးစုံသော သတ္တလောကတို့၏ အစီးအပွားအလို့ငှာ၊ ဒေသိတံ–ဟော တော်မူ အပ် သော၊ သမ္ဘပါမဝိနာသနံ– အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်တတ်ထသော၊ တံ မင်္ဂလံ– ထိုမင်္ဂလာတရားတော်ကို၊ ဟေ–အို သူတော်ကောင်းတို့၊ မယံ–ငါတို့သည်၊ ဘဏာမ–ရွတ်ကြကုန်ဘုံ။

http://www.dhammadownload.com

သမ္မတ,ဆယ်စောင်တို့

၈။ ဆန္ဒ ကာယ- အရှစ်မဟာ ကာယ၊ ဣဒံ သုတ္တံ- ဤ မဟာ မင်္ဂလသုတ်တော်ကို၊ ဓမ မယာ အာနန္ဒတ္ထေရေန- အကျွန်ုပ် အာနန္ဒာမထေရ်သည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ သမ္မုခါ-မျက်မှောက်တော်မှ၊ ဝေါ-ဤသို့၊ သုတံ-ကြားလိုက်ရ၏၊ ဥပလက္ခိတံ-မှတ်လိုက်ရ၏၊ ဥပဓာရိတံ-ဆောင်လိုက်ရ၏၊ ဧကံ-တပါးသော၊ သမယံ-အခါ၌၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ- သာဝတ္ထိပြည်၌၊ အနာထပိဏ္ဍိကာရာ- အနာထပိဏ်သဗ္ဗေး၏၊ အာရာမေ- နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော၊ ဇေတဝနေ- ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ-နေတော်မူ၏၊ အထ ခေါ- ထိုသို့ နေတော်မူသောအခါ၌၊ အညတရာ- အမျိုးအမည် အားဖြင့် မထင်ရှားသော၊ ဒေဝတာ- နတ်သားသည်၊ အဘိက္ကန္တာယ- ညဉ့်ဦးယံ လွန်ပြီးသော၊ ရတ္တိယာ- သန်းခေါင်အခါ၌၊ အဘိက္ကန္တဝဏ္ဏာ-အလွန်ဒုစ်လိုဖွယ်သော အဆင်းရှိသည်၊ ဖြစ်၍၊ ကေवलကပ္ပံ- အလုံးစုံသော၊ ဇေတဝနံ- ဇေတဝန်ကျောင်းတော်ကို၊ ဩဘာသေတွာ- ကိုယ်ရောင်, ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၈။ ယေန- အကြောင်း အရပ်၌၊ ဘဂဝါ- မြတ်စွာဘုရား သခင်သည်၊ အတ္ထိ- ရှိတော်မူ၏၊ တေန-ထိုဘုရား ရှိတော်မူရာ အရပ်သို့၊ ဥပသင်္ကမိ-ကပ်လေ၏၊ ဥပသင်္ကမိတွာ-ကပ်လေပြီး၍၊ ဘဂဝန္တံ- မြတ် စွာ ဘု ရား သ ခင် ကို၊ အဘိဝါဒေတွာ- အလွန်ရှိသေစွာရှိခိုးဦး၍၊ ဧကမန္တံ- တင့်အပ်လျောက်ပတ်သောအရပ်၌၊ အဋ္ဌာသိ-ရပ်လေ၏၊ ဧကမန္တံ-တင့်အပ်လျောက်ပတ်သောအရပ်၌၊

http://www.dhammadownload.com

ဦးတာ ခေါ်-ရှုပြီးသော၊ သာ ဒေဝတာ- ထိုနတ်သားသည်၊ ဘဝဝန်း-မြတ်စွာဘုရားကို၊ ဂါထာယ-ဂါထာဖြင့်၊ အဗ္ဗဘာသိ-ဤသို့ နားခံတော်လျှောက်ပေ၏။

နတ်သားတောင်းပန်ချက်

၈။ ဘဒ္ဒေ ဘဟဝါ - ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဟဟူ-များစွာကုန်သော၊ ဒေဝါ စ - နတ်တို့သည်လည်းကောင်း။ မနုဿာ စ-လူတို့သည်လည်းကောင်း။ သောတ္ထာနံ-စင်ကြယ်စွာသော၊ နိဗ္ဗာနံ- နိဗ္ဗာန်ချမ်းသာကို၊ အာကင်္ခမာနာ- လိုချင်တောင့်တကုန်သည် ဖြစ်၍၊ မင်္ဂလာနိ-ကြီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို၊ ဗျာဒေသဟိ-စာဆယ့်နှစ်ခွန်တို့ ကာလပတ်လုံး။ အစိန္တယုံ- ကြံကြံတုန်း။ စိန္တယန္တာပိ- ကြံကြကုန်သည်လည်း။ နာဓိဂစ္ဆန္တိ- မသိနိုင်ကုန်၊ ဥတ္တမံ-မြတ်စွာသော၊ တံ မင်္ဂလံ-ထိုသုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်တို့၊ တွံ- အရှင်ဘုရားသည် ကြားဟီ- ဟောတော်မူပါလော့။

ဘုရားဟောပြုပုံ

၁။ သော ဒေဝပုတ္တ- ဘိုနတ်သား။ ဟလာနံ-သူမိုက်တို့ကို၊ ယာ အသေဝနာ စ-အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ-ပညာရှိသောသူတို့ကို၊ ယာ သေဝနာ စ-အကြင်မှီဝဲဆည်းကပ်ရခြင်း သည်လည်းကောင်း။ ပူဇနေယျာနံ-ပူဇော်ထိုက်သောသူတို့ကို၊ ယာ ပူဇာစ-အကြင် ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ-ရှိ၏၊ တေ-ဤသုံးပါးသော တရား

http://www.dhammadownload.com

သည်လျှင်၊ ဥတ္တမ်-မြတ်စွာသော၊ မင်္ဂလ-မင်္ဂလာ မည်၏ ဟူ၍၊ တွံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၂။ ဘော ဒေဝပုတ္တ-အိုနှတ်သား၊ ပတိရူပ ဒေသဝါသော စ-တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်လည်းကောင်း၊ ပုဗ္ဗေ-ရှေးဘဝ၌၊ ကတပုညတာ စ- မိမိပြုခဲ့ဖူးသော ကောင်းမှု ရှိသောသူ၏ အပြစ် သည်လည်းကောင်း၊ အတ္တသမ္မာပဏိဓိ စ-မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ တေ-ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမ်-မြတ်စွာသော၊ မင်္ဂလ-မင်္ဂလာမည်၏ဟူ၍၊ တွံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၃။ ဘော ဒေဝပုတ္တ- အိုနှတ်သား၊ မာဟုဿုတ- အကြား၊ အမြင် များသောသူ၏ အပြစ်သည်လည်းကောင်း၊ သိပ္ပ-လက်မှုပညာ အစရှိသော အပြစ်မရှိသော အတတ်ကိုကို တတ်ရခြင်းသည်လည်းကောင်း၊ သုသိက္ခိတော- ကောင်းစွာသင်အပ်သော၊ ဝိနယော စ- ဝိနည်းတရား သည်လည်းကောင်း၊ သုဘာသိတာ-ကောင်းစွာဆိုအပ်သော၊ ယာဝါစာ စ-အကြင် စကား သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ တေ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမ်- မြတ်စွာသော၊ မင်္ဂလ- မင်္ဂလာမည်၏ဟူ၍၊ တွံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၄။ ဘော ဒေဝပုတ္တ-အိုနှတ်သား၊ မာတာပိတု-အမိ, အဖ တို့ကို၊ ဥပဋ္ဌာနဋ္ဌ- လုပ်ကျွေးမွေးမြူရခြင်း သည်လည်းကောင်း၊ ပုတ္တဒါရဿ-သားမယားတို့အား၊ သင်္ဂဟော စ-သင်္ဂြိုဟ်ထောက်ပံ့

http://www.dhammadownload.com

ရခြင်း သည်လည်းကောင်း၊ အနာဂုလာ-အနှောင့်အယှက် မရှိ ကုန်သော၊ ကမ္မဋ္ဌာ စ-အမှုတို့ကို ပြုရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ တေ- ဤသုံးပါးသော တရားသည်လျှင်၊ ဥတ္တမ-မြတ်စွာသော၊ မဂ်လ-မဂ်လာမည်၏ ဟူ၍၊ တံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၅။ ဘော ဗေဝပုတ္တ-အိုနှတ်သား၊ ဒါနဉ္စ- အလှူပေးရခြင်း သည်လည်းကောင်း၊ ဓမ္မစရိယာ စ- မြတ်သော အကျင့်တို့ကို ကျင့်ရခြင်း သည်လည်းကောင်း၊ ဉာတကာနံ- အဆွေ အမျိုး တို့အား၊ သင်္ဂဟော စ- သင်္ဂြိုဟ် ထောက်ပံ့ရခြင်း သည်လည်း ကောင်း၊ အနဝဇ္ဇာနိ-အပြစ်မရှိကုန်သော၊ ကမ္မာနိ စ-အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ တေ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမ-မြတ်စွာသော၊ မဂ်လ-မဂ်လာ မည်၏ ဟူ၍၊ တံ-သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၆။ ဘော ဒေဝပုတ္တ- အိုနှတ်သား၊ ပါပါ- မကောင်းမှုမှ၊ အာရတိ စ- ဝေး စွာ ရှောင် ကြဉ် ရ ခြင်း သည် လည်း ကောင်း၊ မဇ္ဇစ်နှာ- သေရည်သေရက်တို့ကိုသောက်ခြင်းမှ၊ သံယမော စ- ကောင်းစွာ ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း၊ ဓမ္မေသု- ကုသိုလ်ကောင်းမှုတို့၌၊ အပ္ပမာဒေါ စ-မမေ့မလျော့ရခြင်းသည် လည်းကောင်း၊ အတ္ထိ- ရှိ၏၊ တေ- ဤလေးပါးသော တရား သည်လျှင်၊ ဥတ္တမ-မြတ်စွာသော၊ မဂ်လ- မဂ်လာ မည်၏ ဟူ၍၊ တံ- သင်နှတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

http://www.dhammadownload.com

၇။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ဂါရဝေါ,စ-ရိုသေထိုက်သော သူတို့အား ရိုသေရခြင်းသည်လည်းကောင်း၊ နိုဝါတော စ-မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်းကောင်း၊ သန္တုဋ္ဌိ စ-ရောင့်ရဲလွယ်ရခြင်း သည်လည်းကောင်း၊ ကတညုတာ စ- သူပြုဖူးသော ကျေးဇူးကို သိရခြင်း သည်လည်းကောင်း၊ ကာလေန- သင့်တင့်လျောက်ပတ်သောအခါ၌ ဓမ္မဿဝနဋ္ဌ-သူတော်ကောင်းတရားကို နာရခြင်းသည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤငါးပါးသော တရားသည်လျှင်၊ ဥတ္တမံ- မြတ်စွာသော၊ မင်္ဂလံ- မင်္ဂလာမည်၏ ကုန်၏၊ တုံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၈။ ဘော ဒေဝပုတ္တ-အိုနတ်သား၊ ခန္တီ စ- သည်းခံရခြင်း သည်လည်းကောင်း၊ သောစစသဿတာ စ- သူတော်ကောင်းတို့ ဆိုဆုံးမအပ်သောစကားကို နာလွယ်သောသူ၏အဖြစ် သည်လည်း ကောင်း၊ သမဏာနံ- ရဟန်း,ပုဏ္ဏားတို့အား၊ ဒဿနဋ္ဌ- ဖူးမြင်ရခြင်းသည်လည်းကောင်း ကာလေန-သင့်တင့်လျောက်ပတ်သော အခါ၌၊ ဓမ္မဆာကစ္ဆာ စ- တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်း သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ- မြတ်စွာသော၊ မင်္ဂလံ- မင်္ဂလာမည်၏ ဟုဆို၏၊ တုံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၉။ ဘော ဒေဝပုတ္တ- အိုနတ်သား၊ တပေါ စ- ခြိုးခြံစွာ ကျင့်ရခြင်း သည် လည်း ကောင်း၊ ပြဟ္မစရိယဋ္ဌ- မြတ်သော အကျင့်တို့ကို ကျင့်ရခြင်း သည်လည်းကောင်း၊ အရိယသစ္စာနံ- အရိယသစ္စာတို့ကို ဒဿနဋ္ဌ- သိမြင်ရခြင်း သည်လည်းကောင်း၊

http://www.dhammadownload.com

နိဗ္ဗာန်-နိဗ္ဗာန်ချမ်းသာကို၊ သစ္စာကိုရိယာ စ-မျက်မှောက်ပြုရခြင်း၊ သည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ တေ-ဤလေးပါးသော တရား၊ ဆည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မဂ်လံ-မဂ်လာ မည်၏ဟူ၍၊ တံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

၁၀။ ဘော ဒေဝပုတ္တ- အိုနတ်သား၊ လောကဓမ္မေဟိ- လောကခံတရား ရှစ်ပါးတို့နှင့်၊ ဖုट္ဌဿ- တွေ့ထိသော၊ ယဿ- အကြင် ပုဂ္ဂိုလ်၏၊ စိတ္တं- စိတ်သည်၊ နိ ဏမတိ- မတုန်မလှုပ်၊ အသောကं-စိုးရိမ်ခြင်းလည်းမရှိ၊ ဒိရဇं-ရမ္မက်ဟူသော မြူလည်း မရှိ၊ ခေမံ-ဘေးလည်းမရှိ၊ အတ္ထိ-ရှိ၏၊ တေ-ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ-မြတ်စွာသော၊ မဂ်လံ- မဂ်လာ မည်၏ဟူ၍၊ တံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

မဂ်လာ ပြုကျင့်ရကျိုး

ဂ။ ဘော ဒေဝပုတ္တ- အိုနတ်သား၊ တောဒီသာနိ- ဤသို့ သဘောရှိကုန်သော၊ အဋ္ဌတိ သမဂ်လာနိ-သုံးဆယ့်ရှစ်ပါးသော မဂ်လာတရားတို့ကို၊ ကတွာန-ပြုကျင့်ရသောကြောင့်၊ သဗ္ဗတ္ထ- အလုံးစုံသောအရပ်တို့၌၊ အပ္ပရာဇိတာ-ရန်သူတို့သည် မအောင်အပ်ကုန်သည်ဖြစ်၍၊ သဗ္ဗတ္ထ-အလုံးစုံသော်အရပ်တို့၌၊ သောတ္ထိं-ချမ်းသာခြင်းသို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ တं- ထို သုံးဆယ့်ရှစ်ပါးသော တရားသည်လျှင်၊ တေသံ-ထိုနတ်လူတို့အား၊ ဥတ္တမံ-မြတ်စွာသော၊ မဂ်လံ- မဂ်လာမည်၏ဟူ၍၊ တံ- သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။

http://www.dhammadownload.com

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး

ကောက် ခွဲတဲ့ ချက်

အသေးစားစ မာလာနဲ့ ဟူသော ပုဒ်၌ ၃-ပါး

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည် တပါး။
၂။ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်း တပါး။
၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်း တပါး။

ပတိရူပ ဒေသဝါသော စ ဟူသော ပုဒ်၌ ၃-ပါး

၁။ တင့်အပ်လျောက်ပတ်သောဒေသ၌ နေရခြင်းလည်း တပါး။
၂။ ရှေးရှေးသော ကိုယ်၏ အဖြစ်၌ ပြုအပ်သော ကောင်းမှု ရှိသောသ အဖြစ်လည်း တပါး။
၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တပါး။

မဟုဿုတ ဝီတ္ထ ဟူသော ပုဒ်၌ ၄-ပါး

၁။ အကြားအမြင်များသောသူ၏ အဖြစ်လည်း တပါး။
၂။ အမြင်မရှိသော အတတ်ကို တတ်ရခြင်းလည်း တပါး။
၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်း တပါး။
၄။ ကောင်းစွာဆိုအပ်သော စကားလည်း တပါး။

မာတာပိတု ဥပဋ္ဌာနံ ဟူသော ပုဒ်၌ ၃-ပါး

၁။ အမိ အဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်း တပါး။
၂။ အနှောက်အယှက်မရှိသော အမှုတို့ကို ပြုရခြင်းလည်း တပါး။

http://www.dhammadownload.com

စဒိုဋ္ဌ ဝမ္ပဝရိယာ စ ဟူသော ပုဒ်၌ ၄-မျိုး

၁။ အဲလျှပေးရခြင်းလည်း တပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တပါး။
၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်းတပါး။
၄။ အပြစ်မရှိသော အမှုတို့ကို ပြုရခြင်းလည်းတပါး။

အာရတီ ဗိရတီ ဟူသော ပုဒ်၌ ၄-မျိုး

၁။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်း တပါး။
၂။ မကောင်းမှုမှ အဆုံးသတ်ခြင်း ကြဉ်ရှောင်ရခြင်းလည်းတပါး။
၃။ သေ,အရက်ကို သောက်ခြင်းမှ ကောင်းစွာ ကြဉ်ရှောင်ရ ခြင်းလည်း တပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တပါး။

ဂါရဝေါ စ နိဝါတော စ ဟူသော ပုဒ်၌ ၅-မျိုး

၁။ ရိုသေထိုက်သောသူတို့ကို ရိုသေရခြင်းလည်း တပါး။
၂။ မိမိကိုယ်ကို နိမ့်ချရခြင်းလည်း တပါး။
၃။ ရောင့်ရဲ လွယ်ရခြင်းလည်းတပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တပါး။
၅။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းလည်း တပါး။

http://www.dhammadownload.com

ခန္ဓာဝေဒနာတရား ဟူသော မုဒ်၌ ၄-ပါး

၁။ သည်းခံရခြင်းလည်း တပါး။
၂။ သူတော်ကောင်းတို့ ဆိုဆုံးမရာ လိုက်နာလွယ်ရခြင်းလည်း တပါး။
၃။ ရဟန်း,ပုဏ္ဏားထိုအား ဖူးမြင်ရခြင်းလည်း တပါး။
၄။ လျှောက်ပတ်သော အာဟာရ၌ တရားစုကားကို ရွေးနွေး မေးမြန်းရခြင်းလည်း တပါး။

တဝေါဝေ မြတ္တဝေရိယဠ္ဠ ဟူသော ဒုဒ်၌ ၄-ပါး

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်း တပါး။
၂။ မြတ်သောအကျင့်တို့ကို ကျင့်ရခြင်းလည်း တပါး။
၃။ အရိယသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တပါး။
၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တပါး။

ဗုဒ္ဓသ လောကဝေမှတိ ဟူသော မုဒ်၌ ၄-ပါး

၁။ လောကခံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံ ငြားသော် လည်း ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်း တပါး။
၂။ စိုးရိမ်ခြင်း မရှိသည်လည်း တပါး။
၃။ ရမ္မက်ဟူသော ပြုကင်းခြင်းလည်း တပါး။
၄။ ဘေးမရှိခြင်းလည်း တပါး။

http://www.dhammadownload.com

မဟာမင်္ဂလာခွဲ အမေး-အဖြေ

မေး၊ ယခု အဘယ်စာကို သင်သနည်း။
ဖြေ၊ မဟာမင်္ဂလသုတ်ကို သင်ပါသည်ဘုရား။
မေး၊ မဟာမင်္ဂလသုတ်၌ အပြား အဘယ်မျှ ရှိပါသနည်း။
ဖြေ၊ သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။
မေး၊ အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။
ဖြေ၊ ဒေသနာ ပရိယောသာန နိဂုံး အဆုံးဖြစ်သော "တောဒိ ဆာနိ အဗ္ဘတိ သ မင်္ဂလာနိ" ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။
မေး၊ အဘယ်မျှသောဂါထာဖြင့် ဟောတော်မူအပ်ပါသနည်း။
ဖြေ၊ ဆယ်ဂါထာတို့ဖြင့် ဟောတော်မူအပ်ပါသည်ဘုရား။
မေး၊ ဟောတော်မူအပ်သော ဂါထာကား အဘယ်ဂါထာများ ပါသနည်း။
ဖြေ၊ အသေဝနာစ, လည်း တဂါဟာ၊ ပတိရူပ, လည်း တဂါထာ၊ ဗာဟုဿစ္စဉ္စ, လည်းတဂါထာ၊မာတာပိတု, လည်းတဂါထာ၊ ဒါနဉ္စ, လည်း တဂါထာ၊ အာရတီ, လည်း တဂါထာ၊ ဂါရဝေါစ, လည်း တဂါထာ၊ ခန္တီစ, လည်း တဂါထာ၊ ထပေါစ, လည်း တဂါထာ၊ ဖုဋ္ဌဿ, လည်း တဂါထာ၊ ဤဆယ်ဂါထာတို့ဖြင့် ဟောတော်မူအပ်ပါသည်ဘုရား။
မေး၊ အဘယ်အရပ်မှာ ဟောတော်မူသနည်း။
ဖြေ၊ သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဘုရား။

http://www.dhammadownload.com

မေး။ သာဝတ္ထိပြည်ဟု အဘယ်ကြောင့် ခေါ်တွင်သနည်း။
(ဆိုသနည်းဟုဓမ္မလည်း-မေး)

ဖြေ။ " သုဒ္ဓ ဓမ္ မေတ္ထ အတ္ထိတိ " ဟု ပါဠိဗျိုသောကြောင့် ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာ ရတနာအပေါင်းတို့သည် လိုရာမတ မြည်ဟိုးသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။

ဖြေ။ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်ဟု အဘယ်ကြောင့် ခေါ်သနည်း။

ဖြေ။ ဇေတမင်းသားဧကရာဇ်မြေကို ရွှေအသပြာ အတိခင်းမြှီးလျှင် မြေဖိုးပေးရန် ဝယ်ယူဆောက်လုပ်အပ်သောကြောင့် ဇေတဝန်ကျောင်းဟု ခေါ်ပါသည်ဘုရား။

မေး။ အဘယ်သူဆောက်သနည်း။

ဖြေ။ အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား။

မေး။ အနာထပိဏ်သူဌေးဟု အဘယ်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ "အနာထာနံ ပိဏ္ဍံ ဒေါတိတိ အနာထပိဏ္ဍိကော"ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာမရှိသောသူတို့ကို ထမင်းရေစာပေးတတ်သောကြောင့် အနာထပိဏ်သူဌေးဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ငယ်မည်ကို အဘယ်ဟု ခေါ်သနည်း။

ဖြေ။ "သုဇွာ" ဟု ခေါ်ပါသည်ဘုရား။

http://www.dhammadownload.com

မေး၊ ဇောတဝန်ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသလော ဝေးသလော၊ အရှေ့, အနောက်, တောင်, မြောက် စသည် ကိုတွင် အဘယ်အရပ်မှာနည်း။

ဖြေ၊ "ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိ နဂရသ္မာ အဝိဒူရေ ဇေတဝနေ ဣဏ္ဍိကဿ" ဟူသော သာဓကပါဠိ ရှိသော ကြောင့် သာဝတ္ထိပြည်၏ မနီးမဝေး တောင်အရပ်ဖြစ်သော ကုတ်လုတ်လေးတာ အပြန်ငါးရာအရပ်တွင် ဖြစ်ပါသည် ဘုရား။

မေး၊ ဇောတဝန်ကျောင်းတော်သည် လေးထောင့်လော, စမ္မာယ်ရံ လော, ဦးပြည်းလော။

ဖြေ၊ "တိဘုမ္မိကေသု ဂန္ဓကုဋိ" ဟူ၍ သာဓကပါဠိ ရှိသော ကြောင့် စုလစ်မှန်းချန် တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာ တန်း ဆာ ဆင် အပ် သော ဘုံသုံးဆင့်ရှိသော ဇောတဝန် ကျောင်းတော် ဖြစ်ပါသည်ဘုရား။

မေး၊ အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ၊ အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

မေး၊ အဘယ်ကြောင့်မထင်ရှားသောနတ်သားဟု ဆိုပါသနည်း။

ဖြေ၊ "အထ ခေါ အညတရ ဒေဝတာ" ဟူသော ပါဠိကို ထောက်၍ ဆိုပါသည်ဘုရား။

http://www.dhammadownload.com

မေး။ မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း။
ဖြေ။ ဣန္ဒသက္ကသိကြားဟု ဆိုပါသည်ဘုရား။
မေး။ အဘယ်အခါ တောင်းပန်သနည်း။
ဖြေ။ သန်းခေါင်ယံအခါ တောင်းပန်ပါသည်ဘုရား။
မေး။ အဘယ်ကြောင့် သိရပါသနည်း။
ဖြေ။ "အဘိက္ခဏ္ဍာယ ရတ္တိယာ" ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။
မေး။ မထင်ရှားသောနတ်သားကို အဘယ် အကြောင်းကြောင့် သိကြားဟု ဆိုသနည်း။
ဖြေ။ ဘုရားသခင်ခြေတော်ရင်း၌ ညဉ့်ဦးယံကား "စတုမဟာရာဇ နတ်တို့သည် ဆည်းကပ်ဖူးမျှော်မြဲအရိန်အခါဖြစ်ပါသည်" သန်းခေါင်ယံကား "တာဝတိ" သာ နတ်သိကြားတို့ ဆည်းကပ်ဖူးမျှော်မြဲအရိန်အခါဖြစ်ပါသည်" မိုးသောက်ယံကား "ဗြဟ္မာတို့ ဆည်းကပ် ဖူးမျှော်မြဲ အရိန်အခါ ဖြစ်ပါသည်" ထိုအရိန်ကာလသုံးပါးတို့တွင် သန်းခေါင်ယံ အရိန်ဖြစ်သောကြောင့် "သိကြား" ဟု ဆိုပါသည်ဘုရား။
မေး။ သိကြားတောင်းပန်ကြောင်းကို အဘယ်သူကြားသနည်း။
ဖြေ။ အရှင်အာနန္ဒာ ကြားပါသည်ဘုရား။
မေး။ အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သိရသနည်း။
ဖြေ။ "အာနန္ဒတ္ထေရေန သုတံ" ဟူသော ပါဠိကိုထောက်၍ သိရပါသည်ဘုရား။

http://www.dhammadownload.com

မေး။ အရှင်အာနန္ဒာကြားသော် အဘယ်သူကို ပြောသနည်း။
ဖြေ။ အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား။
မေး။ အရှင်မဟာကဿပ,ဟု အဘယ်ကြောင့် ခေါ်သနည်း။
ဖြေ။ "ကသိကမ္ဘာဒီသု သ်ဝေါ် ပဋိလာဘိတ္တာ ပဗ္ဗဇိတပ္ပတောကဿပေါ်" ဟူသော ပါဠိနှင့်အညီ လယ်လုပ်ခြင်း အစရှိသော အမှုတို့၌ ထိတ်လန့်ခြင်း တရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပ,ဟု ခေါ်တွင်ပါသည်ဘုရား။
မေး။ ငယ်မည်ကို အဘယ်သူဟု ဆိုသနည်း။
ဖြေ။ ရှေအဆင်းကဲ့သို့ ကိုယ်သား,ကိုယ်ရေ တို့၏ တင့်တယ်ခြင်းရှိသောကြောင့် "ပိပ္ပလိလုလင်"ဟု ဆိုပါသည်ဘုရား။
မေး။ မင်္ဂလာတရား ၃၈-ပါးဆိုသော် အဘယ်သည်တို့နည်း။
ဖြေ။ "အသေဝနာ စ ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါး။ "ပတိရူပ ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ "မာဟုဿစ္စဉ္စ ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါး။ "မာတာပိတု ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ "ဒါနဉ္စ ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ "အာရတီ ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော ဆဋ္ဌမဒေသနာတော်၌ မင်္ဂလာလေးပါး။ "ဂါရဝေါစ ။ပ။ တော် မင်္ဂလမုတ္တမ်" ဟူသော သတ္တမ ဒေသနာတော်၌ မင်္ဂလာ ၈ ပါးပါ။ "ခန္တီ ၉ ။ပ။

http://www.dhammadownload.com

ဒုတိ "မဂ်လမုတ္တမ်" ဟူသော အဋ္ဌမဒေသနာတော်၌ မဂ်လာ လေးပါး။ "တပေါ ၀ ။၀။ ဒုတိ မဂ်လမုတ္တမ်" ဟူသော နဝမ ဒေသနာတော်၌ မဂ်လာလေးပါး။ "ဗုဒ္ဓဆ ။၀။ ဒုတိ မဂ်လမုတ္တမ်" ဟူသော ဒသမ ဒေသနာတော်၌ မဂ်လာ လေးပါး ဤသို့အားဖြင့် မဂ်လာတရား သုံးဆယ်ရှစ်ပါး ရှိပါသည်ဘုရား။

မေး၊ 'အသေဝနာ စ' အစရှိသော ပထမဒေသနာတော်၌ မဂ်လာ သုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မဂ်လာ တပါး၊ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ် နှီးနှောရခြင်း သည်လည်း မဂ်လာတပါး၊ ဘုရား အစရှိသော ရတနာ သုံးပါး တို့အား အရိုအသေ အလေးအမြတ် ပြုရခြင်း သည်လည်း မဂ်လာတပါး ဤသို့အားဖြင့် အသေဝနာ စ အစရှိသော ပထမဒေသနာတော်၌ မဂ်လာတရား သုံးပါး ရှိပါသည် ဘုရား။

မေး၊ 'အသေဝနာ စ' အစရှိသော ပထမဒေသနာတော်၌ မဂ်လာ တရား သုံးပါးတို့ကို သိရပါပြီ၊ 'ဝတိရူပ ဒေသ ဝါသော စ' အစရှိသော ဒုတိယဒေသနာတော်၌ မဂ်လာတရား သုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်း သည်လည်း မဂ်လာတပါး၊ ရှေးက ပြုဘူးသော ကောင်းမှု ရှိခြင်း သည်လည်း မဂ်လာတပါး၊ မိမိကိုယ်ကို ကောင်းစွာ

http://www.dhammadownload.com

ထိန်းသိမ်း စောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် "ပတိရူပ ဒေသဝါသော စ" အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ရှိပါသည်ဘုရား။

မေး။ "ပတိရူပ ဒေသဝါသော စ" အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာတရား သုံးပါးတို့ကို သိရပါပြီ၊ "ဗာဟုဿုတ" အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ကျမ်းကန်တရား အကြား, အမြင် မျှားရခြင်း သည်လည်း မင်္ဂလာတပါး၊ အပြစ်ခပ်သိမ်းကင်းသော နှုတ်မှု အတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ကောင်းစွာ သိအပ်သောဝိနည်းတရားထို့ကိုသင်ကြားရခြင်းသည်လည်း မင်္ဂလာအပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် "ဗာဟုဿုတ" အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ရှိပါသည်ဘုရား။

မေး။ "ဗာဟုဿုတ" အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးတို့ကို သိရပါပြီ၊ "မာတာပိတု" အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရားသုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ အမိ-အဖ တို့ကို လုပ်ကျွေး မွေးမြူ ရခြင်း သည်လည်း မင်္ဂလာတပါး၊ သား,မယား တို့အား သင်ကြိုတ် ထောက်ပံ့

http://www.dhammadownload.com

ရခြင်းသည်လည်း မင်္ဂလာတပါး။ အနှောင့်အယှက် မရှိသော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာထူး သုံးပါး ဖြစ်ပါသည်တုန်း။

မေး။ မာတာပိတု-အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာထူးပါးတို့ကို သိရပါပြီ၊ ဒါနဋ္ဌ-အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည် တို့နည်း။

ပြေ။ အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး၊ တရားကို ကျင့်ရခြင်း သည်လည်း မင်္ဂလာတပါး။ အရွေ့အမျိုး တို့အား ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး၊ အပြစ်မရှိသော အကြင် အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် ဒါနဋ္ဌ-အစရှိသော ပဌမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုန်း။

မေး။ ဒါနဋ္ဌ-အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာလေးပါးတို့ကို သိရပါပြီ၊ အာရတိ-အစရှိသော ဆဋ္ဌမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည် တို့နည်း။

ပြေ။ မကောင်းမှုကို မပြုမှု၍ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်လည်း မင်္ဂလာတပါး။ ကိုယ်၏ အသက်ကို ငဲ့ကွက်ခြင်း ကင်းသော စိတ်ဖြင့် ငါသည် မကောင်းမှုကို မပြုပြီ၊ ငါ၏

http://www.dhammadownload.com

အသက် သေသော်လည်း သေပါစေ၊ သူ၏ အသက်ကို မသတ်ပြီ၊ သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အမှုကို မပြုပြီဟု အထူးသဖြင့် ကြဉ်ရှောင်ခြင်းသည်လည်း မင်္ဂလာတပါး။

မေး၊ သုရာငါးပါး ဆိုသည် အဘယ်နည်း။

ဖြေ၊ ပိဋ္ဌသုရာ-မုန့်ညက်ဖြင့် ပြုသော သေ၊ ပူဝသုရာ-မုန့်ဖြင့် ပြုသော သေ၊ သြဒနသုရာ-ထမင်းဖြင့် ပြုသော သေ၊ ကိဏ္ဏပက္ခိတ္တသုရာ-တဆေးထည့်၍ ပြုသော သေ၊ သမ္ဘာရသံယုတ္တာ-မျိုးစုံသော အဆောက်အဦးဖြင့် ပြုသော သေ ဤသည်ကား သုရာငါးပါး ဖြစ်ပါသည်ဘုရား။

မေး၊ မေရယငါးပါး ဆိုသည် အဘယ်နည်း။

ဖြေ၊ ပုပ္ဖါသဝေါ- အပွင့်အရည်ဖြင့် ပြုဇသော အရက်၊ ဖလာသဝေါ-သစ်မည်စည်သီး အစရှိသည်တို့ဖြင့် ပြုသောအရက်၊ မဓုသဝေါ-မူဒရက်သီးအစရှိသည်တို့ဖြင့် ပြုသော အရက်၊ ဂုဠသဝေါ- ကြံရည်တို့ဖြင့် ပြုသော အရက်၊ သမ္ဘာရသံယုတ္တော- မျိုးစုံသော အဆောက်အဦးတို့ဖြင့် ပြုသော အရက်၊ ဤသည်ကား မေရယငါးပါး ဖြစ်ပါသည်ဘုရား။

ဤဆိုအပ်ခဲ့ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတပါး၊ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန,

http://www.dhammadownload.com

ပဋ္ဌာနုမောဒန, ဓမ္မသာဝန, ဓမ္မဒေသနာ, ဒိဋ္ဌဇုကမ္မ တည်း ဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ရခြင်း သည်လည်း မဂ်လာတပါး၊ ဤသို့အားဖြင့် "အာရတီ" အစရှိသော ဆဋ္ဌမဒေသနာတော်၌ မဂ်လာတရားလေးပါး ဖြစ်ပါသည်ဘုရား။

မေး၊ "အာရတီ" အစရှိသော ဆဋ္ဌမ ဒေသနာတော်၌ မဂ်လာ တရား လေးပါးတို့ကိုသိရပါပြီ၊ "ဂါရဝေါ စ" အစရှိသော သတ္တမဒေသနာတော်၌ မဂ်လာတရားငါးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ၊ အသက်, သီလာ အားဖြင့် ကြီးသောသူ, ဂုဏ်ကြီးသောသူ တို့အား အရိုအသေ အလေးအမြတ် ပြုရခြင်းသည်လည်း မဂ်လာတပါး မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မဂ်လာ တပါး၊ ရရသမျှသော ပစ္စည်း အသုံး အဆောင် တို့ဖြင့် ရောင့်ရဲ လွယ်ရခြင်းသည်လည်း မဂ်လာတပါး၊ လျှောက် ပတ်သော အခါ၌ တရားတော်ကို နာရခြင်း သည်လည်း မဂ်လာတပါး ဤသို့အားဖြင့် သတ္တမ ဒေသနာတော်၌ မဂ်လာတရား ငါးပါး ဖြစ်ပါသည်ဘုရား။

မေး၊ သတ္တမဒေသနာတော်ဖြစ်သော "ဂါရဝေါ စ" ၌ မဂ်လာ တရား ငါးပါးတို့ကိုသိရပါပြီ၊ "ခန္တီ စ" အစရှိသော အဋ္ဌမ ဒေသနာတော်၌ မဂ်လာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

http://www.dhammadownload.com

ဖြေ။ ကိုယ့်အောက်ယုတ်သောသူတို့ကို သည်းခံရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုဆုံးမလွယ်သော ဘူဇင်အဖြစ်သည်လည်းမင်္ဂလာတပါး၊ရဟန်းပုဏ္ဏားတို့အား ပွားမြင့်ရခြင်းထည်လည် မင်္ဂလာတပါး၊ လျှောက်ပတ်သော အခါ၌ တရားစကားကို ဦးနှောပြောဆို ဆွေးနွေး မေးမြန်းရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အဋ္ဌမဒေသနာတော်ဖြစ်သော "ခန္ဓိ စ" ၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ အဋ္ဌမ ဒေသနာတော်ဖြစ်သော "ခန္ဓိ စ" ၌ မင်္ဂလာတရား လေးပါးတို့ကို သိရပါပြီ၊ "တပေါ စ" အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းမင်္ဂလာတပါး၊ မြတ်သော မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ် တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရိယ သစ္စာတရားတို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း သည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့် "တပေါ စ" အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည် ဘုရား။

မေး။ နဝမ.ဒေသနာတော်ဖြစ်သော "တပေါ စ" ၌ မင်္ဂလာတရား လေးပါးတို့ကို သိရပါပြီ၊ "ဖုဋ္ဌဿ" အစရှိသော ဒသမ

http://www.dhammadownload.com

ဓေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ပြေ၊ လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံ တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့သော ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ထိုလောကဓံတရားရှစ်ပါးတို့ကို တွေ့သောအခါ စိုးရိမ်ခြင်း မရှိသည်လည်း မင်္ဂလာတပါး၊ ကိလေသာ ရမ္မက်ဟူသော အညစ်အကြေးမဟုတ် သန့်ရှင်းစင်ကြယ်သော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ကြောက်မက်ခြင်း ကင်းလသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဓေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည် ဘုရား။

မေး၊ မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာ မထေရ်သည် အရှင်မဟာကဿပ မထေရ်အား ပြောသည်ရှိသော် အဘယ်ကိုရည်မှန်နည်း။

ပြေ၊ ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး၊ ရာဇဂြိုဟ်မှု အဘယ်ကြောင့် ခေါ်သနည်း။

ပြေ၊ စကြဝဠာ အစရှိသော ဘုန်းကြီးသော မင်းတို့သည် သိမ်းယူရာ ဖြစ်သောကြောင့် ရာဇဂြိုဟ်ပြည်ဟု ခေါ်တွင်ပါသည် ဘုရား။

http://www.dhammadownload.com

မေး။ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့, အနောက်, တောင်, မြောက် စသော အရပ်တို့တွင် အဘယ် အရပ်မှာ ပြောပါသနည်း။

ပြေ။ ရာဇဂြိုဟ်ပြည် မြို့ပြင် မြောက်ဖက်အရပ် ဝေဘာရတောင် ဂုမ်း စရည်းပင်ရောက်သော ကျောက်ဂူ လိုဏ်ဝင်၌ နတ်တို့ ဘုံဆောင် ဒီဝန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်းဆာ ဆင်အပ်သော ချောမောပြေပြစ် ဆန်းကြယ်လှပစွာသော ရတနာသဘင် မဏ္ဍပ်၌ ဣန္ဒနီလာ မဿာရဂလ် မနော်မယ အစရှိသော ရတနာမျိုးတို့ဖြင့် စီမံအပ်သော တွေ့တွေ့ဒီးဒီး ရွှေချောင်းစီးသကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ တန်ဖိုး အတိုင်းမသိ ထိုက်သော ခင်းနှီး ခနဏာပေါ်တွင် ဆင်စွယ်စီသော ယပ်ကို ကိုင်၍ အရှေ့စူးစူးသို့ မျက်နှာ ပြုလျက် နေတော်မူပြီးလျှင် ပထမသင်္ဂါယနာကိုအမှီးပြု၍ ဆောင်ရွက်တော်မူသော အရှင်မဟာကဿပရဟန္တာကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာ ပြေလျှောက် ပါသည် ဘုရား။ နတ်သားတောင်းပန်၍ ဟောတော်မူသောအခါ ကုဋေ ရှစ်သန်းမျှလောက် ကုန်သော နတ်သား တို့သည် ရဟန္တာဖြစ်၏ ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သူ အနန္တ ဆိုပါသည်ဘုရား။

http://www.dhammadownload.com

မင်္ဂလာသုတ် အဓိပ္ပာယ်

အထူးမှတ်ချက်

မဟာဒုမ္မဂ်ထေသုတ်အဓိပ္ပာယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှ ထည့်သွင်းပြောပါဦးအုံ့,,

ကေဝန္ဓ အဋ္ဌာသိ–ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား.... နီးလွန်းသော အရပ်၊ ဝေးလွန်းသော အရပ်၊ လေညာဖြစ်သော အရပ်၊ မြင့်သောအရပ်၊ ရှေ့တူရှုဖြစ်ဘော်အရပ်၊ နောက်တူရှုဖြစ်သော အရပ် ၎င်းခြောက်ရပ်မှ လွတ်သော်အရပ်ကို ဆိုလိုသည်။

ပဏ်ဍိပ ဒေသဝါသော–ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား.... ရတနာသုံးပါး ထင်ရှားရှိသောအရပ်၌ နေရခြင်းကို ဆိုလိုသည်။

အတ္ထသမ္ဘာဝဟိတိ–ဟူသော ပါဠိ၏အဓိပ္ပာယ်ကား....ဒုစရိုက် ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတာ ဝ ယာဝါစာ–ဟူသောပါဠိ၏အဓိပ္ပာယ်ကား.... ပိသုဏဝါစာမှ ကြဉ်၍ဆိုသော သုဘာသိတစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သမ္ဖပ္ပလာပမှ ကြဉ်၍ဆိုသော မေတ္တစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား ဤအင်္ဂါ လေးပါးနှင့် ပြည့်စုံသောစကားကို ဆိုလိုသည်။

ပုတ္တဒါရဿ သင်္ဂဟော–ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား... သရဏဂုံ ဆောက်တည်ပြီး ပဉ္စသီလကို စောင့်ထိန်း၍ ကုသိုလ်ကောင်းမှုကိုပြုခါ တရားတော်နှင့်အညီ သား,မယားတို့ကို မွေးမြူရမည် ဆိုလိုသည်။

http://www.dhammadownload.com

ဒါနဒ္ဓ မမ္မစရိယာ-ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား... ဆွမ်း, အဖျော်, ကျောင်း, သင်္ကန်း, ယာဉ်, ပန်း, နံ့သာပျောင်း, နံ့သစ်, အိပ်ရာနေထိုင်, ဆီမီး ၎င်းဒါနဝတ္ထုဆယ်ပါး၊ သူနာတို့၏ ဆေးဝါးအပ်ပြုဖြစ်သော ဆေး၊ ဤတဆယ့်တပါးကို ဒါနဒ္ဓပုဒ်၌ သင်းအပ်၏။ ငါးပါးသီလ, ဆယ်ပါးသီလ စတုပါရိသုဒ္ဓိသီလ ထို့ကို မမ္မစရိယပုဒ်၌ သင်းအပ်၏။ အဌင်္ဂသီလကို အနဝဇ္ဇခန်း ကမ္မာနိ ဟူသောပုဒ်၌ သင်းအပ်၏။

အာရတိ ဝိရတိ-ဟူသော ပါဠိ၏အဓိပ္ပာယ်ကား... စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတိ မည်၍၊ ကိုယ်, နှုတ် နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝိရတိ မည်၏။

မဒ္ဓပါနာ ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား... သုရာ-ငါးပါး, မေရယ-ငါးပါးကို ကြဉ်ရှောင်ရမည်ဟု ဆိုလိုသည်။

သန္ဓိဋ္ဌိ စ-ဟူသော ပါဠိ၏အဓိပ္ပာယ်ကား...ကိလေသာတို့ကို ခေါင်းပါးစေခြင်းငှာ လောဘစာရံသို့မလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာယေန မမ္ဟာဝနံ-ဟူသော ပါဠိ၏အဓိပ္ပာယ်ကား ...ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသဝိတက် ဤခပ်ဆိုးဝိတက် မဝင်လာ သော်အခါသည်, တရားတော်ကိုနာရခြင်းငှာ လျှောက်ပတ်သော အခါ မည်၏။

သောဝစဿတာ-ဟူသောပါဠိ၏အဓိပ္ပာယ်ကား...သားတော်ရဟူလာကို ဩဝါဒပေးတော်မူသောအခါ တခွန်းတည်းသော

http://www.dhammadownload.com

စကားဖြင့် နာယူလွယ်သကဲ့သို့ ဘူးတော်ကောင်းတို့၏ ဆိုဆုံးမ စကားကို တခွန်းတည်းဖြင့် နားထောင်၍ နာယူလွယ်ရမည်ဟု ဆိုလိုသည်။

ဝေမောဒနဒူ ဒဿနံ–ဟူသော ပါဠိ၏အဓိပ္ပာယ်ကား....သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ် တို့နှင့်တကွ သောကပုဂ္ဂိုလ် ခုနစ်ယောက် တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

ဝေဒပါ စ–ဟူသော ပါဠိ၏အဓိပ္ပာယ်ကား....ဝိနိယကိုဖြစ်စေ၍ ဣန္ဒြိယ သံဝရသီလကို လုံအောင်ထိန်းသိမ်းရမည်ဆိုလိုသည်။

ဒြဟ္မစရိယဉ္စ–ဟူသောပါဠိ၏အဓိပ္ပာယ်ကား....မေထုန် ၇-ပါးမှ ကြဉ်ရှောင်ရမည် ဆိုလိုသည်။

အရိယသစ္စာနိ ဒဿနံ– ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား.... အရဟတ္တဖိုလ်သို့ ရောက်ခြင်း၊ ဆင်ခြင်ခြင်းကို ဆိုလိုသည်။

နိဗ္ဗာန သစ္ဆိကိရိယာ စ– ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား ... **သစ္စာလေးပါး**ကို မဂ်ဉာဏ်ဖြင့် မြင်ရမည် ဆိုလိုသည်။

လောကဓမ္မေဟိ– ဟူသော ပါဠိ၏ အဓိပ္ပာယ်ကား.... လာဘ် ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံ ရှိခြင်း၊ အခြံအရံ မရှိခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း၊ဆင်းရဲခြင်း ဤလောကဓံ တရား ရှစ်ပါးကို ဆိုလိုသည်။

အထူးမှတ်ရန် အဓိပ္ပာယ်အကျဉ်း ပြီး၏။

---

http://www.dhammadownload.com

မင်္ဂလာတရား ၃၈-ပါး သံပေါက်

၁။ ကော်လသာဟလ၊ ကြံကုန်ကြ၊ ဒေဝ, မနုဿာ။
၂။ သက္ကသိကြား၊ တောင်းပန်ခြား၊ ယောထားဒေသနာ။
၃။ အသေဝန၊ ဗာလာန၊ ရှောင်ကြ ဝေးဝေးခွာ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝန၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနီယာ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင့်မ၊ သောက်တည်က၊ လာကြနိမ္မိုတာ။
၉။ အကြားအမြင်၊ မြားမြောက်စဉ်၊ ကြည်လင်အားထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်သိ၊ ကဝိဗုတ်ကုန်ပါ။
၁၁။ ဝိနေယောစ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။
၁၂။ သုဿာသိတ၊ ယာဝုါစ၊ ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာပိတာ၊ မိနှင့်ဖ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ ပယောဇဝေအား၊ သက္ခြိယ်ခြား၊ တပါးမင်္ဂလာ။
၁၅။ အနုဝကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။
၁၆။ အလှူဒါန၊ ပေးဝေခ၊ ထက်လှစေတနာ။
၁၇။ ဓမ္မစရိယ၊ ကောင်းမြတ်လှ၊ မခွဲသူတော်စွာ။
၁၈။ ဉာတကာနဉ္စ၊ သင်္ဂဟ၊ မ,စ သင်ကြိတ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရှ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတိစ၊ အဝမှ၊ ရှေ့-ဉ ကြဉ်ကုန်ပါ။
၂၁။ ဝိရတိ စ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။
၂၂။ မဒ္ဒပါန၊ ယစ်မျိုးစ၊ ရှောင်ကြလှုတကာ။-

http://www.dhammadownload.com

၂၃။ ကုသိုလ်မမ့်၊ အားထုတ်ကြ၊ နေ့-ည မမေ့ရာ။
၂၄။ ဂါရဝေါ စ၊ ရိတုပ်ကွ၊ မြတ်လှုမမ္ဘာ။
၂၅။ နိုဝါထော စ၊ ကိုယ်ဒီမ်ခ္ယ၊ မာနမထောင်ရာ။
၂၆။ သန္ဠုဋ္ဌိ စ၊ ရောင့်ရဲကြ၊ နိစ္စအလှယ်သာ။
၂၇။ သူ့ဇီကျေးဇူး၊ မထိမ်မြှုပ်၊ ကြည်ရွှန်းသိကုန်ပါ။
၂၈။ လျှောက်ပတ်ကာလ၊ မြတ်ခမ္ဘေ, နှာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံးကျင့်အပ်စွာ။
၃၀။ ကောင်းသည့်စကား၊ ဆိုတတ်ပြား၊ အမျှားကြည်မေတ္တာ။
၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလားကြည်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဗူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။
၃၃။ သုံးခါစာလ၊ မြတ်ခမ္ဘေ၊ နေ့-ည ဆွေးနွေးရာ။
၃၄။ ကြိုခြောကျင့်ဝတ်၊ သူတော်မြတ်၊ မမြတ်အရိယာ။
၃၅။ ပြဟ္ဘစရိယ၊ ဖြူစင်လှ၊ ကျင့်ကြေပဏ္ဍိတာ။
၃၆။ နိမ္မာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်မင်္ဂလာ။
၃၇။ အရိယာသစ္စာ၊ ဒဿန၊ သိကြမျိုးလေးပြာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံပြား၊ လှုပ်ရှားမရှိရာ။
၃၉။ ဗိုးရိမ်သောက၊ စိတ်မခ၊ ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဋ္ဌင်္ဂိက၊ ဗဟိရ၊ သေားမှလွတ်မည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အမျှားမှတ်ကုန်ပါ။
၄၃။ ကျက်၍အရ၊ ဆောင်လေက၊ ကြိုးလှုမင်္ဂလာ။
၄၄။ ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

http://www.dhammadownload.com

အပြင်အောင်ခြင်း ရှစ်ပါးပါဠိ

၁။ မဟု သဟာ ဖောဘိနိမ္မိတ သာဝုဒ္ဓံ၊
ဂိရိမေခလ ဥဒိတ သောရံ သသေနမာရံ။
ဒါနာဒိ မေ္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ ဘောဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၂။ မာရာတိရေက အဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ဃောရံ ပနာဠဝကမ္ပမ ဃဋ္ဌယန္တံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ ဘောဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၃။ နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ။
ဒါဝဂ္ဂိ စက္ကမသနိဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ ဘောဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထမ္ပိ လိမာလဝန္တံ။
ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော။
တံ ဘောဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၅။ ကတ္တာန ကရ္ဍ မုဒရံ ဘိုဝ ဂဗ္ဘနီယံ၊
စိဉ္စာယ ဒုဋ္ဌစရိတံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ ဘောဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတ မနံ အတိဓန္ဓဘူတံ။

http://www.dhammadownload.com

ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသ ဘဝတု မေ ဇယမင်္ဂလံ။

၇။ နန္ဒောပနန္ဒ ဘုဇင် ဝိဝိဓံ မဟိဒ္ဓိ၊
ပုတ္တေန ထေရဘုဇေန ဝုနာဝယာ ဟေ။
ဣဒ္ဓိ(ပ)ဟသေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၈။ ဒုဋ္ဌဟတ္ထိဝိဠုဝေန သုဒုဋ္ဌ ဟတ္ထံ၊
ပြဟ္ဆံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဥဏ္ဍာဘဝေန ဝိဝိဓနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

အပြင်အောင်ခြင်း ရှစ်ပါးပါ၌ ပြီး၏။

အတွင်းအောင်ခြင်းရှစ်ပါး အနက်

၁။ ယောမုနိန္ဒော–အကြင်မြတ်စွာဘုရားသည်၊ ဂိရိမေခလံ–ဂိရိမေခလာ အမည်ရှိသော ဆင်ကို၊ ဥဒိတ်–တက်စီးထသော၊ အဘိနိမ္မိတ သာဝုဓေန–အလွန် ဖန်ဆင်းအပ်သော လက်နက်နှင့် တကွ ပြစ်ထသော၊ ဗာဟုသဟဿံ–တထောင်သော လက်ရုံး ရှိထသော၊ ယောရံ–ကြမ်းတမ်းစွာထသော၊ သသေနမာရံ–စစ်သည်နှင့်ထကွသော မာရ်နတ်သားကို၊ ဒါနာဒိ ဓမ္မဝိဓိနာ–ဒါနပါရမီ အစရှိသော တရား တည်းဟူသော အစီရင်ပြင့်၊ ဇိတဝါ–အောင်တော်မူလေပြီ၊ တံ ဇေတသာ–မာရ်နတ်သားကို

http://www.dhammadownload.com

အောင်တော်မူသော် ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား။ အဂ္ဂ-မြတ်သော၊ ဃယမင်္ဂလ-အောင်ခြင်း မင်္ဂလာသည်၊ ဟော်တု-ဖြစ်စေသတည်း။

၂။ ယော မုနိနော-အကြင် မြတ်စွာဘုရားသည်၊ မာရာ တိရေကံ-မာရ်နတ်သားထက်အလွန်၊ သဗ္ဗရတ္တိ-ညဉ့်သုံးယံ ပတ်လုံး။ အဘိယုဇ္ဈိတံ-အလွန် စစ်ထိုးနိုင်ထသော၊ ယောရဏ-ကြောက်မက်ဖွယ် ရှိထသော၊ အကွမ်-သူတပါးတို့သည် သည်းခံ နိုင်ခဲထသော၊ ထဒ္ဓ-ကြမ်းတမ်းခက်ဓာတ်ထသော၊ အာဠာဝကံ-အာဠာဝက အမည်ရှိသော၊ ယက္ခပန-ဘီလူးကိုကား။ ခန္တိသုခေန ဝိဇိနာ-သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော အစိအရင်းဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ-အာဠာဝကဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား။ အဂ္ဂ-မြတ်သော၊ ဃယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၃။ ယော မုနိနော-အကြင် မြတ်စွာဘုရားသည်၊ ဗါဝိဂ္ဂိ ဝဏ္ဏ မဃနိဝ-တောမီး မိုးကြိုးဝက်ကဲ့သို့ သုဝါရုဏန္တ-အလွန် ကြမ်းကြုတ်စွာ ထသော၊ အတိမတ္တာဘုတံ-အလွန် ပုန်ရစ်စွာ ထသော၊ နာဠာဂိရိ-နာဠာဂိရိအမည်ရှိသော၊ ဂဇရဇ-မြတ်သော မင်းဆီး ဆင်ကို၊ မေတ္တမ္ဘုသေက ဝိဓိနာ-မေတ္တာတော် ရေကို သွန်းခြင်းတည်းဟူသော အစိအရင်းဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ-နာဠာဂိရိဆင်ကို အောင်တော်မူသော

http://www.dhammadownload.com

ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၄။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဥက္ကိုတ္ထ ခဏ္ဍ မဘိဟတ္ထသုဒါရုဏန္တံ- ချီအပ်သော သန့်လျက် လက်ဦးရှိသည် ဖြစ်၍ အ လွန် ကြမ်း ကြုတ် စွာ ထ သော၊ တိယောဇနပထ-သုံးယူဇနာရှိသော ခရီးကို၊ ဓာဝံ- တဟန်တည်း ပြေးစွမ်းနိုင်ထသော၊ အဂ္ဂလိမာလဝန္တံ- လက်ညှိုးတည်းဟူသော ပန်းရှိသော ခိုးသူကို၊ ဣဒ္ဓါဘိသင်္ခတမနော- တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ တေဇသာ-အဂ္ဂလိမာလအမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၅။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ကဏ္ဍ-သစ်သားကို၊ ဂဠိနိယံ- ကိုယ်ဝန်ဆောင်သော၊ ဥဒရံ ဣဝ-ဝမ်းကဲ့သို့၊ ကတ္ဘာန- ပြုလတ်၍၊ ဇနကာယမဇ္ဈေ- တရားနှာ ပရိသတ်ဖြစ်သော လူ, ရဟန်း အပေါင်းတို့ အလယ်၌၊ စိဉ္စာယ-စိဉ္စာမာဏဝိကာအမည်ရှိသော မိန်းမညစ်၏၊ ဒုဋ္ဌဝစန-စွပ်စွဲသော၊ အားဖြင့် ဖျက်ဆီးသောစကားကို၊ သန္ဓေန- ငြိမ်သက်စွာသော၊ သောမဝိဓိနာ-ဖြူစင်ချမ်းအေးစွာသော အစီအရင်ဖြင့်၊ ဇိတဝါ-

http://www.dhammadownload.com

အောင်တော်မူလေပြီ၊ တံ တေသော- စိဋ္ဌမာနဝိကာ အမည်ရှိသော မိန်းမညစ်၏ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၆။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ သစ္စံ-မှန်သောစကားကို၊ ဝိဟာယ- စွန့်၍၊ အတိသစ္စကဝါဒေကဟုံ-မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒ တည်း ဟူ သော မှန်ကင်းရှိထသော၊ ဝါဒါဘိရောပိတမနံ- မိမိဝါဒဖြင့် သူတပါးတို့ကို နှိမ်နင်းလိုသောစိတ် ရှိထသော၊ အတိအန္ဓဘူတံ- အလွန်မိုက်လွန်စွာသော ကုဋ္ဌဒန္ဓအမည်ရှိသော သစ္စကပရိဗိုဇ်ကို၊ ပညာပဒီပဇလိတေ- ပညာတော်တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိတွန်းတော် မူသည်ဖြစ်၍၊ ဇိတဝါ- အောင်တော် မူလေပြီ၊ တံ တေသော- ကုဋ္ဌ ဒ န္ဓ အ မ ည် ရှိ သော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ-အကျွန်ုပ်အား၊ အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလ- အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

၇။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဝိဝိဓံ-အဘူးထူး အပြားပြားရှိသော၊ မဟိဒ္ဓိ -ကြီးသောတန်ခိုးရှိသော၊ နန္ဒောပနန္ဒဘုဇင်- နန္ဒောပနန္ဒ အ မည် ရှိ သော နဂါးမင်းကို၊ ထေရဘုဇေန- ကြီး မြတ် သော နဂါး မင်း ဖြစ်တော်မူသော၊

http://www.dhammadownload.com

ပုတ္တေန-သားတော် ရှင်မောဂ္ဂလာန်ကို၊ ရုနာဝယဆ္ဆော- အခိုး အလျဲလွှတ်၍ ချေခ္ခတ် ဖျက်ဆီးဖေလျက်၊ ဗုဒ္ဓပြဒေသ ဝိဓိနာ-တန်ခိုးဖန်ဆင်းခြင်းခွဲ နည်းညွှန် ဥပဒေသကို ပေးတော်မူဘသော အစီအရင်ဖြင့်၊ ဇိတဝါ- အောင်တော်မူလေပြီ၊ တံ ကေဒသာ-နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို ဓောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အား ဖြင့်၊ မေ- အကျွန်ုပ်အား၊ အဂ္ဂ-မြတ်သော၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု ဖြစ်စေသတည်း။

ဂ။ ယော မုနိန္ဒော- အကြင် မြတ်စွာဘုရားသည်၊ ဥဂ္ဂါဟ ဒိဋ္ဌိဘုဇေန- မကောင်းသော အယူ မိစ္ဆာ ဒိဋ္ဌိ တည်းဟူသော မြွေသည်၊ သုဒဋ္ဌဟတ္ထော- ပြင်းစွာ ကိုက်အပ်သော လက်ရှိထသော၊ သုတ်- ကျော်စောစွာထသော၊ ဇုတိမဟိဒ္ဓိ- တောက်ပသော တန်ခိုးရှိထသော၊ ဗကာဘိဓာနံ- ဗကအမည်ရှိသော၊ ပြဟ္ဘံ- ပြဟ္မာမင်းကို၊ ဥဿဟဒေန-ဥက္ကဋ္ဌတော်ဟည်းဟူသော အဆိပ်ကို ဖျောက်တတ်ရသော ဆေးဟုဆိုအပ်သော၊ ဝိဓိနာ-အစီအရင်ဖြင့်၊ ဇိတဝါ-အောင်တော်မူလေပြီ၊ တံ ဓောဒသာ-ဗကအမည်ရှိသော ပြဟ္မာမင်းကို ဓအောင်တော်မူဘသော ထိုမြတ်စွာဘုရား၏ တန်ခိုး တော် အားဖြင့်၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဘဝတု-ဖြစ်စေသတည်း။

အပြင်ဓောင်ခြင်းရှစ်မျိုးအနက် ပြီး၏။

---

http://www.dhammadownload.com

အတွင်းအောင်ခြင်း မှုစ်ပါးပါဠိ

၁။ အဝိဇ္ဇာ ကတ္တာကောသမ္ပိ၊ သတ္တော တဏှာဝလေမ္ပဏေ။
ဘမှာ ဌာနာ နိက္ခာမေသိ၊ ဒေသနာဉာဏ ဘေဒသာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၂။ မဟာ မောဟန္ဓကာရေန၊ အတိဘူတော မဟာဘယေ။
ပညာကျွေ်ံ လသာပေသိ၊ ဉာဏာလောကေန သော ဇိနော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၃။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ ဗဟုကာယံ မဟာဘယံ။
နိဗ္ဗာပေသိ နုရနှာထော၊ ဘဝမဂ္ဂံ ဝါရိနှာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၄။ စတုရောဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ မဂ္ဂနာဝါယ နာယကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၅။ သံသာရစာရကံ လောကံ၊ နိစ္စံ ဗုက္ခေန ပိဠိတံ။
နိဗ္ဗာနပုရံ ပါပေသိ၊ ယာဝနုတ္တရယေန သော ဇိနော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၆။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ဥဒ္ဓကာယံ မဟာဘယံ။
တိဏ်ကိဗ္ဗိသိ မဟာဝီရော၊ နာထော တိလောကဝေဒ္ဓကော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

http://www.dhammadownload.com

၇။ သံသာရ ဒုက္ခ ကန္တာရာ၊ ကိလေသ စောရ ပိဋ္ဌိတံ။
မေတ္တဘူမိ တာရေသိ၊ သတ္တဝါဟော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

၈။ ပဗ္ဗတာလိသ ဝဏ္ဏာနိ၊ ဌတ္ဝာ လောကံ ဘ ဒေဝတ
ပိဝယိတ္ဝာ ဓမ္မရသံ၊ နိဗ္ဗုတော သော သသာဝကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

အတွင်းအောင်ခြင်းရှစ်ပါးပါ၀င် ပြီး၏။

အတွင်းအောင်ခြင်းရှစ်ပါး အနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမှိ- အ ဝိဇ္ဇာ တည်း ဟူ သော ဥဒ္ဓံ
တွင်း၌၊ ဓာတ္တာဇလမ္ဘုဇေ- တကား တည်းဟူသော တံလျှပ်၌
ဖြစ်ကုန်သော၊ သတ္တေ-သတ္တဝါတို့ကို၊ ဒေသနာဉာဏတေဇေသ-
ဒေသနာဉာဏ်တည်းဟူသောတန်ခိုးဖြင့်၊ တမှာ ဌာနာ-ထိုအဝိဇ္ဇာ
တည်ရာအရပ်မှ၊ နိက္ခာမေသိ-ထွက်မြောက်စေတော်မူပြီ၊ ဧတေန
သစ္စဝဇ္ဇေန-ဤသို့သောသစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊
ဇယမင်္ဂလံ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၂။ သော ဇိနော- ထို မြတ်စွာဘုရားသည်၊ ဉာဏာလော
ကေန- ဉာဏ်တော် တည်းဟူသော အလင်းရောင်ဖြင့်၊ မဟာ
မောဟန္ဓကာရေန- ကြီးစွာသော အမှိုက်တိုက် တည်းဟူသော
ဝေါဟာသည်၊ ဘာဝိတ္ဝာ- အ လွန် နှိပ်စက် အပ် ကုန် သော၊

http://www.dhammadownload.com

မဟာဇနေ-မျှားစွာကုန်သော သတ္တဝါတို့ကို၊ ပညာစက္ခု-ပညာတည်းဟူသော စက္ခုကို လဘာပေသိ-ရစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန-ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၃။ နရုနာထော- လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ဖြတ်စွာဘုရားသည်၊ ရာဂါဒိ အဂ္ဂိဇာလေဟိ-ရာဂ အစရှိသော မီးလျှံတို့ဖြင့်၊ ဒမုကာယ-ပူလောင်သောကိုယ်ရှိထသော၊ မဟာဇနံ-မျှားစွာကုန်သော သတ္တဝါအပေါင်းကို၊ အဗ္ဘမဂ္ဂဂ်ဝါရိနာ-မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေစင်ဖြင့်၊ နိဗ္ဗာပေသိ-ငြိမ်းစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန-ဤသို့သော်သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၄။ မဟာဝီရော- ကြီးမြတ်သော လွတ်လ ရှိတော်မူသော၊ နာယကော- လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသော ဖြတ်စွာဘုရားသခင်သည်၊ ဂမ္ဘီရေ-နက်စွာသော၊ သံသာရဏ္ဏဝေ- သံသရာတည်းဟူသောသမုद्ဒရာ၌ စတုရောယေဟိ-လေးပါးသော ရေအယဉ်တို့ဖြင့်၊ ဝုယ္ဟန္တေ- မျောကုန်သော သတ္တဝါ တို့ကို၊ ဓမ္မနာဝါယ- တရားတည်းဟူသော လှေဖြင့်၊ ဥတ္တာရေသိ- ကယ်တင်တော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန-ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလ-အောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

http://www.dhammadownload.com

၅။ သော ဇိရော-ထိုမြတ်စွာဘုရားသည်၊ သံသာရစာရက်-သံသရာ၌ ကျင်လည်တတ်သော၊ ဗုဒ္ဓေန-ဇာတိ အစရှိသော ဗုဒ္ဓမြင့်၊ နိစ္စ- အမြဲ၊ ပိဋိတ- နှိပ်စက်အပ်ထသော၊ လောက-လူအပေါင်းကို၊ ယာနတ္ထယေန-ယာဉ်သုံးပါးတို့၏အပေါင်းမြင့်၊ နိဗ္ဗာနပုရ နိဗ္ဗာန်ပြည်မြတ်သို့၊ ပါပေယိ- ရောက်စေတော်မူပြီ၊ ဒေတေန သစ္စဝဒ္ဓေန-ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား။ ဇယမင်္ဂလ-အောင်ခြင်း မင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၆။ မဟာဝီရော- ကြီးမြတ်သောပညာ ရှိတော်မူထသော၊ တိလောက ဝေဒ္ဓကော- လူသုံးပါးတို့၏ ဆေးသမားသဖွယ် ဖြစ်တော်မူသော၊ နာထော- မြတ်စွာဘုရားသည်၊ ကဋ္ဌမုခါဒိ သမ္ပေယ်-ကဋ္ဌမုခ အစရှိသော မြွေလေးစင်းတို့သည်၊ ဥဋ္ဌကာယ-ကိုက်အပ်သောကိုယ်ရှိထသော၊ မဟာဇန-များစွာသော သတ္တဝါ အပေါင်းကို၊ တိကိစ္ဆေသိ-ဒေသနာအမြှောက်ဆေးကို တိုက်ကျွေး ဝေဒ္ဓ ကုသတော်မူလေပြီ၊ ဒေတေန သစ္စဝဒ္ဓေန-ဤသို့သော သစ္စာ စကားကြောင့်၊ မေ-အကျွန်ုပ်အား။ ဇယမင်္ဂလ-အောင်ခြင်း မင်္ဂလာသည်၊ ဟောတု- ဖြစ်စေသတည်း။

၇။ သတ္တဝါဟော-သတ္တဝါတို့၏ ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော၊ ဝိနာယကော-သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည်၊ ကိလေသ စောရ ပိဋိတ-ကိလေသာတည်းဟူသောသူခိုးတို့သည် နှိပ်စက်အပ်သော သတ္တဝါ

http://www.dhammadownload.com

အပေါင်းကို၊ သံသာရဂုဏ်ကိုကန္ဓာရာ- သံသရာတည်း၊ ဟူသော ခရီးခရီး၊ ခေမန္တဘူမိ-ဘေးမရှိရာနိဗ္ဗာန်သို့ တာရေသိ-ပို့ဆောင်ထုတ်ရောက် ကူးမြောက်တော်မူစေပြီ၊ ဘေဒ သစ္စဝဒွေ-ဤသို့သော သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား။ ဃယမဂ်လ်-ဟောင်ခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

၈။ သော ဝိဝေနာ-ထိုဆိုအပ်ခဲ့ပြီးသော ကျေးလူ၊ အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ပဠဝကာလိသ ဝဿာနိ-လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဌတွာ- တည်တော်မူ၍၊ သဒေဝကံ- နတ်နှင့်တကွသော၊ လောကံ- လူအပေါင်းကို၊ ဓမ္မရသံ-တရားတည်းဟူသော အပြိုက်အရသာကို၊ ဝိဝယိတ္ဝာ-သောက်စေတော်မူပြီး၍၊ သ သာဝကော-တပည့်သား သုဘာတော် အပေါင်းနှင့်တကွ၊ နိဗ္ဗုတော-ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ဘေဒ သစ္စဝဒွေ-ဤသို့သော သစ္စာ စကားကြောင့်၊ မေ-အကျွန်ုပ်အား။ ဃယမဂ်လ်-ဟောင်ခြင်း မင်္ဂလာသည်၊ ဟောတု-ဖြစ်စေသတည်း။

အတွင်းဟောင်ခြင်းရှစ်ပါးအနက် ပြီး၏။

http://www.dhammadownload.com

ရတနာရွှေချိုင့်ပါဌ်

၀။ ဃောသနွာဝတော ဗုဒ္ဓါ၊ ဇိတ္တာ မာရံ သ ဝါဟနံ။
စတုသစ္စာမတရသံ၊ ယေ ပိဝိ သု နရာသဘာ။
၂။ တဏှက်ရာဘယော ဗုဒ္ဓါ၊ အဠဝိသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယ္ဟိ၊ ဟတ္ထေ တေ မုနိသာရာ။
၃။ သိသေ ပတိဋ္ဌိတော နောသိ၊ ဗုဒ္ဓေါ ဓမ္မော ဂဏော စနေ။
သံဃော ပတိဋ္ဌိတော မယ္ဟိ၊ ဥရေ သပ္ပဂုဏာကရော။
၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဇက္ခိဏော။
ကောဏ္ဍညော ပစ္ဆိဘာဘသ္မိံ၊ ဟောဂ္ဂလ္လာနော စ ဝါမကေ။
၅။ ဒက္ခိဏေ သဝဏေ ဟယ္ယ အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ ဟဟာနဝေ၊ ဥတောသုံပါမသောတကေ။
၆။ ကေသဗ္ဗော ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘံကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုဂ်ဝေါ။
၇။ ဘုမာရုကသပေါ နာမ၊ ဟောသိ ဒိဗ္ဗဝါဒကော။
သော ဟယ္ယ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။
၈။ ပုတ္တော အဂ္ဂိလိမာလော စ၊ ဥပါလိ ဓနုသိဝလိ။
ဣမေ ပဠေ ဟဟာထေရာ၊ နလာဋေ ကိလကာဝိယ။
၉။ တေဟိ သေသာ ဟဟာထေရာ၊ ဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သိလတေဇေန၊ အဋ္ဌမင်္ဂေသု သဏ္ဌိတာ။
၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ ဓမ္မော သုတ္တကံ။
ဝေဠဲ ပစ္ဆတော အာသိ၊ ဝါမေ အဂ္ဂိလိမာလကံ။

http://www.dhammadownload.com

၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာဋိယသုတ္တကံ။
အာကာသေ ဆဒန်အာသိ၊ သေသာ ပါကာရသက္ခိတာ။
၁၂။ ဇိနာနံ ဗလ သံယုတ္တော၊ မေဃပါကာရ လက်ကေ။
စသတော မေ အကိစ္ဆေန၊ သမ္ဘာသမ္ဘုဒ္ဓပဋ္ဌရေ။
၁၃။ ဝါတာပိတ္တာဒိ သဗ္ဗာတာ၊ ဗာဟိရဗ္ဗတ္ထုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။
၁၄။ ဇိနယဗ္ဗရမဗ္ဘမ္ပိ၊ ဝိဟာရန္တ မဟိတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာသဘာ။
၁၅။ ဣစ္ဆေဝမေကန္တံ ကတေဝ၊ သုရကွော ဇိနာနုဘာဝေ။
ဟရိတသံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

ရတနာရွှေချိုင့်ပါဠိ ပြီး၏။

ရတနာရွှေချိုင့်အနက်

၁။ ဗဟာသန္ဓာဂဏတာ- အောင်ခြင်း၏အနီးသို့ ရောက်ခဲတော်မူကုန်ထသော၊ နရုသဘာ-လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်သော၊ ယေ ဗုဒ္ဓါ-အကြင်မြတ်စွာဘုရားတို့သည်၊ သန္တိ- ရှိတော်မူကုန်၏၊ တေ ဗုဒ္ဓါ- ထို မြတ်စွာဘုရားတို့သည်၊ သ ဝါဟနံ-စစ်သည်နှင့်တကွဖြစ်သော၊ မာရံ-မာရ်နတ်သားကို၊ ဇိတ္ဝာ- အောင်တော်မူလေကုန်သည်ဖြစ်၍၊ စတုသစ္စာမတရသံ- သစ္စာလေးဖြာ မြိုက်ရသောကို၊ ပိဝိံ သု- သောက်စေတော် မူလေကုန်ပြီ။

http://www.dhammadownload.com

၂။ မုနိသရာ- ရသေ့, ရဟန်း အပေါင်းတို့ကို အစိုးရတော်မှ ကုန်ထသော၊ နာယကာ- လူ, နတ်, ပြဟ္မာ သတ္တဝါ အပေါင်းတို့၏ ခရီးလမ်းညွှန်သဖွယ်လည်း ဖြစ်တော်မူ ကုန် ထ သော၊ အဋ္ဌဝိသတိ- နှစ် ကျိပ် ရှစ် ဆူ ကုန် သော၊ တထာဂတရာဇယော- တထာဂတရာဘုရား အစရှိကုန်သော၊ ယေ ဗုဒ္ဓါ- အကြင် မြတ်စွာဘုရားတို့သည်းသန္ဓိ-ရှိတော်မူကုန်၏၊ သမ္ဗေ-ခပ်သိမ်းကုန်သော၊ တေ ဗုဒ္ဓါ-ထိုမြတ်စွာဘုရားတို့သည်၊ မယှံ-အကျွန်ုပ်၏၊ မတ္ထကေ-ဦးခေါင်းထက်၌၊ ပတိဋ္ဌိတာ-တည်တော်မူကုန်သည်၊ အဟောသုံ-ဖြစ်ကုန်ပြီ။

၃။ သမ္ဗဂုဏာဂတရော- ခပ်သိမ်းသော ကျေးဇူးဂုဏ်တော်အပေါင်း၏ တည်ရာလည်း ဖြစ်တော်မူထသော၊ နော-အကျွန်ုပ်တို့၏၊ ဗုဒ္ဓေါ- ဂေါတမ မြတ်စွာဘုရားသည်၊ မယှံ-အကျွန်ုပ်၏၊ သိသေ-ဦးခေါင်း၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ၊ မ္မော- ကိုးပါးသော လောကုတ္တရာ တရားတော်သည်၊ မယှံ-အကျွန်ုပ်၏၊ ဒ္ဝိလောစနေ-မျက်စိနှစ်ဖက်၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ၊ သံဃော-မဂ္ဂဋ္ဌာန်လေးယောက်ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်သည်၊ မယှံ-အကျွန်ုပ်၏၊ ဥရေ-ရင်၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ။

၄။ အနုရုဒ္ဓေါ- အရှင် အနုရုဒ္ဓါသည်၊ မေ- အကျွန်ုပ်၏၊ ဟဒယေ-နှလုံး၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ၊ သာရိပုတ္တော စ- အ ရှင် သာ ရိ ပု တြာ သည် လည်း၊ မေ မမ-

http://www.dhammadownload.com

အကျွန်ုပ်၏၊ ဒကွိုဏေ-လကျိုဘ၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ၊ ကောဏ္ဍညော-ကောဏ္ဍညအရှင်သည်၊ မေ မမ-အကျွန်ုပ်၏၊ ပဋ္ဌိဘာဂသို့-နောက်အဖို့၌၊ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ- ဖြစ်ပြီ၊ မောဂ္ဂလ္လာနော စ- အရှင်မောဂ္ဂလ္လာန်သည်လည်း၊ မေ မမ-အကျွန်ုပ်၏၊ ဝါမေ-လက်ဝဲ၌ ပတိဋ္ဌိတော-တည်တော်မူသည်၊ အာသိ-ဖြစ်ပြီ။

၅။ အာနန္ဒထုဟုလာ-အရှင်အာနန္ဒာ,အရှင်ရာဟုလာတို့သည်၊ မယှံ-အကျွန်ုပ်၏၊ ဒကွိုဏေသေနေ-လကျိုနားဘ၌၊ ပတိဋ္ဌိတော-တည်တော်မူကုန်သည်၊ အာသုံ-ဖြစ်ကုန်ပြီ၊ ကဿပေါ စ-ကဿပအရှင် သည်လည်းကောင်း၊ မဟာနာမော စ- မဟာနာမ် အရှင်သည်လည်းကောင်း၊ ဥဘော-နှစ်ပါးသောအရှင်တို့သည်၊ မယှံ-အကျွန်ုပ်၏၊ ဝါမသောတကေ- လက်ဝဲနားဘ၌၊ ပတိဋ္ဌိတာ- တည်တော် မူကုန်သည်၊ အာသုံ-ဖြစ်ကုန်ပြီ။

၆။ သူရိယောဝ- နေမင်းကဲ့သို့၊ ပဘံကရော- အလျောင်းကို ပြုတတ်သော၊ သိရိသမ္ပန္နော- ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော၊ မုနိပုင်ဝေါ- ရဟန်းမြတ်ဖြစ်သော၊ သောဘိတော- သောဘိတ အရှင်သည်၊ မယှံ- အကျွန်ုပ်၏၊ ကေသဇ္ဇေ- ဆံ၏ အဆုံးဖြစ်သော၊ ပိဋ္ဌိဘာဂသို့-ကျောက်ကုန်းအဖို့၌၊ နိသိန္နော- ထိုင်တော်မူသည်၊ အာသိ-ဖြစ်ပြီ။

၇။ မဟေသိ- သီလကွန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှင်ပြုးဝမ်းသာ ရှာမှီးတော်မူလေ့ရှိထသော၊ စိတ္တြဝါစကော- ဆန်းကြယ်သော စကားစကားကို ဆိုတော် မူ တတ် ထ သော၊

http://www.dhammadownload.com

ဂုဏာဂရော- ကျေးဇူးတော်အပေါင်း၏ တည်ရာ ဖြစ်ထသော၊ ကုမာရကဿပေါ နှာမ- ကုမာရ ကဿပ မည်တော်မူသော၊ သော ထေရော- ထိုမထေရ်သည်၊ မယ့်- အကျွန်ုပ်၏၊ ဝဒနေ- နှုတ်ခမ်းခွံ၊ နိစ္စံ-အမြဲ၊ ပတိဋ္ဌာသိ-တည်တော်မူပြီ။

၈။ ပုဏ္ဏော စ- အရှင်ပုဏ္ဏ မထေရ် သည်လည်း ကောင်း၊ အရံလိမာလော စ- အရှင် အဂ္ဂလိမာလ မထေရ် သည်လည်း ကောင်း၊ ဥပါလိနန္ဒသိဝလိ စ-အရှင်ဥပါလိထေရ်,အရှင်နန္ဒထေရ်, အရှင်သိဝလိထေရ် သည်လည်းကောင်း၊ ဣမေယဋ္ဌ မဟာထေရော- ဤငါးပါးသောမဟာထေရ်တို့သည်၊ မေ-အကျွန်ုပ်၏၊ နလာဋေ- နဖူးမြင့်၌၊ တိလကာဝိယ-မှန်ကူသကဲ့သို့၊ ပတိဋ္ဌိတာ- တည်တော်မူကုန်သည်၊ အာသုံ-ဖြစ်ကုန်ပြီ။

